ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်၊ တနင်္လာနေ့၊ (12-9-2005)(၄၇၁၆)

ပြည်ပဈေးကွက်ဝင် ခေတ်မီစက်မှုကုန်ထုတ်ပစ္စည်းများ ထုတ်လုပ်နိုင်သည့်အဆင့်ထိ မျှော်မှန်းချက်ထား

နိုင်ငံတော်အကြီးအကဲက စက်မှုထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် **"လက်ရာလက်သား ကောင်းမွန်ရမည်၊ သုံးစွဲသည့် သံနှင့်သတ္တုအရည်အသွေး မှန်ကန်ရမည်၊ သပ်ရပ်သေချာ တိကျမှုရှိရမည်၊ တီထွင်ကြံဆဆန်းသစ်နေရမည်၊ အမြဲခေတ်မီနေရမည်"** ဆိုသည့် လမ်းညွှန်မှုများကို ချမှတ်ပေးထားခဲ့။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်မှာ စက်မှုကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ပြည်ပဈေးကွက်ဝင် အရည်အသွေးအဆင့်အတန်း မြင့်မားသည့် ခေတ်မီစက်မှုကုန်ထုတ်ပစ္စည်းများ ထုတ်လုပ်နိုင်သည့်အဆင့်ထိ မျှော်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်သွားကြရန် လမ်းညွှန်ချက်ပေးထားခြင်းဖြစ်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ တောင်ကြီးမြို့ရှိ အစိုးရနည်းပညာကောလိပ်(အေးသာယာ) ပင်မသုံးထပ်ဆောင် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ခေတ်မီနိုင်ငံတော်ကြီးဖြစ်ထွန်းရေးအတွက် စက်မှုကဏ္ဍ မြင့်မားတိုးတက်ရေးသည် အဓိက နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင် စက်မှုလုပ်ငန်းများ အဆင့်အတန်းမြင့်မားလာရေး စီမံပေးနေ

ယခင် ပန်းပဲဖိုသာသာရှိသည့် အိမ်တွင်းစက်မှုလုပ်ငန်းများအဆင့်မှ ယနေ့ နည်းပညာရော အရည်အသွေးပါ တစ်စတစ်စ တိုးတက်ဖြစ်ထွန်း

ရန်ကုန် စက်တင်ဘာ ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုးလေဆိပ်သို့ ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ဟဲဟိုးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်တို့ လိုက်ပါလျက် တပ်မတော်ရဟတ်ယာဉ်ဖြင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၂-၉-၂၀၀၅
(တနင်္လာနေ့)

သီးနှံများ လျာထားချက်နှင့်အညီ စိုက်ပျိုး ဒေသစိမ်းလန်းစိုပြည်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ လယ်ယာစိုက်ပျိုးရေးကို အခြေခံကျကျ မြှင့်တင်နိုင်ခြင်းဖြင့် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းမှုကို များစွာထောက်ကူပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မားရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာလ ၁ ရက်နှင့် ၂ ရက်နေ့က မန္တလေးတိုင်းနှင့် မကွေးတိုင်းအတွင်း ညောင်ဦး၊ ချောက်၊ စလင်း၊ ပွင့်ဖြူ၊ မကွေးမြို့နယ်တို့သို့ သွားရောက်၍ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခရီးစဉ်အတွင်း မကွေးမြို့တော်ခန်းမ၌ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံရာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် မိုးစပါးများ လျာထားသတ်မှတ်ချက်နှင့်အညီ စိုက်ပျိုးရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားခဲ့သည်။

မကွေးတိုင်းဒေသသည် စိုက်ပျိုးနိုင်သော မြေလွတ်မြေရိုင်းများစွာ တည်ရှိနေသော်လည်း မိုးနည်းရေရှားသော ဒေသဖြစ်၍ ယခင်ကာလများက စိုက်ပျိုးရေအတွက် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ကြရသည်။ ထို့အပြင် လမ်းပန်းဆက်သွယ်မှု ခက်ခဲသဖြင့် ဖွံ့ဖြိုးတိုးတက်မှုများလည်း နောက်ကျခဲ့ရသည်။

ယခုအခါ ဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးရေရရှိလာစေရန် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ၊ အသေးစားဆည်တမံငယ်များကို ဦးစားပေးတည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိရာ မိုးစပါးနှင့်အခြားသီးနှံများကို ပိုမိုစိုက်ပျိုးလျက်ရှိသည်။ အထူးသဖြင့် စပါးစိုက်ပျိုးမှုတွင် ဧကနှစ်သိန်းသုံးသောင်းကျော် တိုးတက်လာသည်ကိုတွေ့ရသည်။

စလင်းမြို့နယ် တည်ဘိုကန်ဒေသတွင် တိုင်းရင်းသားစိုက်ပျိုးရေးလုပ်ငန်းရှင်များက မြေလွတ်မြေလပ်များဖော်ထုတ်၍ မိုးနှောင်းချည်မျှင်ရှည်ဝါနှင့် အခြားသီးနှံများ စိုက်ပျိုးလျက်ရှိသည်။

မကွေးတိုင်းအတွင်း ရာသီဥတုနှင့် ဒေသစိမ်းလန်းစိုပြည်ရေး အထောက်အကူပြုလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်လျက်ရှိရာ ရေစကြိုမြို့နယ် ရှင်မတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ မြိုင်မြို့နယ် ကျောက်ဆင်တောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ ပေါက်မြို့နယ် တပ်မတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ ပခုက္ကူမြို့နယ် တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းနှင့် မင်းဘူးမြို့နယ် မင်းဘူးတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများမှာ အရှိန်အဟုန်ရရှိနေကြပြီဖြစ်သည်။

ဒေသနေပြည်သူများ ကူးသန်းဆက်သွယ်သွားလာမှု လွယ်ကူအဆင်ပြေစေရေးအတွက် လမ်းသစ်များနှင့် မြစ်ကူး တံတားသစ်များကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသည့်အပြင် လေယာဉ်ကွင်းများကိုပါ တည်ဆောက်ပေးထားသဖြင့် စီးပွားရေးနှင့် လူမှုရေးကဏ္ဍများ ဘက်စုံတိုးတက်လျက်ရှိသည်။

ထို့အပြင် ကျေးလက်နေ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်းများကို တူးဖော်ပေးလျက်ရှိရာ ရေမလုံလောက်သည့် ကျေးရွာ၊ ရေခက်ခဲသည့် ကျေးရွာများအားလုံး ရေဖူလုံစွာ ရရှိကြမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က မွန်မြတ်သောစေတနာဖြင့် အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်းပေးမှုများနှင့်အညီ ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူလယ်သမားများနှင့်ဒေသခံပြည်သူများက မိုးစပါးနှင့် အခြားသီးနှံများ လျာထားချက်နှင့်အညီ စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းရင်း ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အောင်မြင်စေရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဂျာမနီ နိုင်ငံတကာရုပ်မြင်သံကြားအဖွဲ့ တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဂျာမနီ နိုင်ငံတကာရုပ်မြင်သံကြား Deutsche Welle (DW) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Dr. Reinhard Hartstein နှင့် အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ညှိနှိုင်းခန်းမသို့ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

တွေ့ဆုံ

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဂျာမနီ နိုင်ငံတကာ ရုပ်မြင်သံကြား Deutsche Welle (DW) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Dr. Reinhard Hartstein နှင့် အဖွဲ့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ညှိနှိုင်းခန်းမသို့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ ဆရာဝန်အသင်း စရဏမဂ္ဂဇင်းစာအုပ် လှူဒါန်းခြင်းနှင့် မဂ္ဂဇင်း၏ အထူးကဏ္ဍတင်ဆက်မှုအစီအစဉ် ကျန်းမာခြင်းဆိုင်ရာ အမူအကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်ရေးပြိုင်ပွဲ မိတ်ဆက်ခြင်း အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်ထံ ရွှေသံလွင်ကုမ္ပဏီမှ ဦးမိုးကျော်သူက စရဏ မဂ္ဂဇင်းအုပ်ရေ ၁၀၀၀ ကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

စရဏ မဂ္ဂဇင်းစာအုပ် လှူဒါန်းခြင်းနှင့် ကျန်းမာခြင်းဆိုင်ရာ အမူအကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်ရေးပြိုင်ပွဲ မိတ်ဆက်

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံဆရာဝန်အသင်း စရဏမဂ္ဂဇင်းစာအုပ် လှူဒါန်းခြင်းနှင့် မဂ္ဂဇင်း၏အထူးကဏ္ဍ တင်ဆက်မှုအစီအစဉ်၊ ကျန်းမာခြင်းဆိုင်ရာ အမူအကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ပြိုင်ပွဲ မိတ်ဆက်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (ဘီ)၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးမြင့်က စရဏမဂ္ဂဇင်းနှင့် ပတ်သက်၍လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ (၁) ပါမောက္ခ ဒေါက်တာသိန်းအောင်က စာအုပ် လှူဒါန်းပွဲနှင့် ကျန်းမာခြင်းဆိုင်ရာ အမူအကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စရဏမဂ္ဂဇင်း၏ အထူးကဏ္ဍ တင်ဆက်စီစဉ်ရခြင်းအကြောင်းနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် စရဏမဂ္ဂဇင်း ၂၀၀၅ ခုနှစ် အောက်တိုဘာလထုတ် အတွဲ(၂) အမှတ်(၄) အုပ်ရေ ၁၀၀၀ ကို အလှူရှင် ရွှေသံလွင်ကုမ္ပဏီမှ ဦးမိုးကျော်သူက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်ထံ ပေးအပ်လှူဒါန်းပြီး မြန်မာနိုင်ငံ ဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးမြင့်က အလှူရှင်ရွှေသံလွင်ကုမ္ပဏီအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အလှူရှင် ရွှေသံလွင်ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်း စရဏမဂ္ဂဇင်း ၂၀၀၅ ခုနှစ် အောက်တိုဘာလထုတ်မှ ၂၀၀၆ ခုနှစ် မတ်လထုတ်ထိ လစဉ် အုပ်ရေ ၁၀၀၀ စီကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှတစ်ဆင့် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းအတွင်းရှိ ကျေးရွာစာကြည့်တိုက်များသို့ လှူဒါန်းခြင်းဖြစ်သည်။

ယင်းနောက် စရဏ မဂ္ဂဇင်း အယ်ဒီတာချုပ် ဆရာဆန်းဟိန်း (ဆေး/၁)က ကျန်းမာခြင်းဆိုင်ရာ အမူအကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် သုခဝတီလမ်းနေ အဘိုး၊ အဘွားများနှင့် ဦးတင်နွယ်(ကျုံမငေး)၊ ဒေါ်ကြည်ကြည်(ညီမ)၊ ဒေါ်ရီရီ(ညောင်တုန်း)တို့အားရည်စူး၍ ဦးဝေလွင် (အထွေထွေမန်နေဂျာ၊ ကြွေ/မြေ၊ စက်မှု-၁) ဒေါ်တင်သိန်းနွယ်၊ (သား) ဗိုလ်စည်သူလွင် မိသားစုတို့က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ပရိယတ္တိစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ

ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင် လှူဒါန်းပွဲများကျင်းပ

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်ရှိ ပရိယတ္တိ စာသင်တိုက် ၁၅ တိုက်နှင့် သီလရှင်စာသင်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်း ဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၏ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ပဲများကို စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် ငွေသိန်းနှင့် စစ်ဦးစီးဗိုလ်မှူးကြီး(စက်မှုလက်မှု)(လေ) ဗိုလ်မှူးကြီးချန်မောင်တို့က ဆရာတော်သံဃာတော်များအား ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက် ၁၅တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ရှိ ပရိယတ္တိစာသင်တိုက် ၂၄တိုက်နှင့် သီလရှင် စာသင်တိုက် နှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲ၊ ငါးခြောက်နှင့် ဆွမ်းပဒေသာပင်လှူဒါန်းပွဲအခမ်းအနားများကို ယနေ့ မွန်းလွဲပိုင်းတွင် စမ်းချောင်း မြို့နယ် ကိုးထပ်ကြီးဘုရားရှိ သန္တိသုခ ဓမ္မာရုံနှင့် သာကေတမြို့နယ် ဖိနမာန်အောင်စေတီတော်ရှိ ဝိမုတ္တိရသ ဓမ္မဗိမာန်တော်ကြီးတို့၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားများသို့ ပရိယတ္တိစာသင်တိုက်များမှ ပဓာန နာယက ဆရာတော်ကြီးများနှင့် ဆရာတော် သံဃာတော်များ၊ သီလရှင်စာသင်တိုက်များမှ သီလရှင် ဆရာကြီးများ ကြွရောက်တော်မူကြပြီး စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ တပ်မတော်အရာရှိကြီး များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ရှိ ပရိယတ္တိစာသင်တိုက် ၁၅တိုက်နှင့် သီလရှင်စာသင်တိုက်

တစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ နှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်နှင့် ဆွမ်း ပဒေသာပင် လှူဒါန်းပွဲကို မွန်းလွဲ ၁နာရီတွင် စမ်းချောင်း မြို့နယ် ကိုးထပ်ကြီးဘုရားကြီးရှိ သန္တိသုခဓမ္မာရုံ၌ ကျင်းပရာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် စမ်းချောင်းမြို့နယ် ဝေဠုဝန်စာသင်တိုက် ပဓာန နာယက ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြ သည်။

ဆက်ကပ်

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ် ဉာဏ်ထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ တပ်မတော်အရာရှိကြီး များနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက လှူဖွယ် ပစ္စည်းများကို ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်း ကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ပဲနှင့် ငါးခြောက်တို့ကို တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား စစ်ဦးစီး အရာရှိချုပ် (ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ငွေသိန်းနှင့် စစ်ဦးစီးဗိုလ်မှူးကြီး (စက်မှုလက်မှု) (လေ) ဗိုလ်မှူးကြီးချန်မောင်တို့က ဆရာတော် သံဃာတော် များနှင့် သီလရှင် ဆရာကြီးများထံ ဆက်ကပ်လှူဒါန်း ကြသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြန်မာ့စီးပွားရေး ဦးပိုင် လီမိတက်၊ ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များအသင်း၊ ထက်အောင်သာ ဆားစက်၊ အဏ္ဏဝါမင်း ဆားစက်၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာန ဝန်ထမ်းမိသားစု၊ အိုကေဆန်ရောင်းဝယ်ရေးမှ ဦးငြိမ်း– ဒေါ်အုန်းကျင်၊ စန္ဒီပရဆေး(ဦးသိန်းမောင်)–ဒေါ်ပါးပါး မိသားစု၊ ထွန်းရွှေဝါဆေးတိုက်မှ ဦးထွန်းရွှေ–ဒေါ်သင်းသင်း ဆွေ မိသားစု၊ ထက်လင်းဆေးတိုက်မှ ဦးခင်မောင်ထွန်း မိသားစု၊ မှန်ချိုဆေးတိုက်၊ ဦးဝေလွင်–ဒေါ်ခင်ဇာလီအောင် ပတ္တမြား ၈၄၀ ဆေးတိုက်၊ ကေသီပန်ဆေးတိုက်၊ မဏိဇောတရေ သမားတော်ကြီး ဦးရွှေမြ–ဒေါ်ခင်ယုံ မိသားစု၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန် လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးမျိုးအောင်၊ အာရှ ကြီးပွားတိုးတက်ရေး ထုတ်ကုန်သွင်းကုန်ကုမ္ပဏီလီမိတက်၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့်နှင့် ဟင်းမွှေးမဆလာ ထုတ်လုပ်ရေးမှ

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်နှင့် ဒေါပုံ မြို့နယ်ရှိ ပရိယတ္တိစာသင်တိုက် ၂၄တိုက်နှင့် သီလရှင် စာသင်တိုက် နှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန် တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ပဲများကို စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ် ဉာဏ်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်စိုး နှင့် စစ်ဦးစီးဗိုလ်မှူးကြီး(စက်မှုလက်မှု)(လေ) ဗိုလ်မှူးကြီး ချန်မောင်တို့က သီလရှင်ဆရာကြီးများအား ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

ဦးထွန်းမြင့်–ဒေါ်စန်းစန်းမိသားစု၊ ကျော်တိုင်းရင်းဆေး ထုတ်လုပ်ရေးမှ ဒေါက်တာအေးကျော်၊ စိန်ခဲ၊ ရွှေခဲ၊ငွေခဲ ကုမ္ပဏီမှ ဦးအောင်ရွှေ မိသားစု၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှ၊ သီဟသုဓမ္မမဏိဇောတရေ ဒဂုံဦးတင်ဝင်း– ဒေါ်မြရည်နန္ဒာ၊ သားဝင်းနန္ဒာဝင်း မိသားစုတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ဆေး၊ ပဲနှင့် အခြားလှူဖွယ်ပစ္စည်း များကို ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ဆက်ကပ်လှူဒါန်းကြသည်။

လက်ခံ

ထို့နောက် ဆွမ်းပဒေသာပင် အလှူငွေများအဖြစ် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုက ငွေကျပ် ၁၆၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ က ငွေကျပ် ၈၀၀၀၀၊ ဦးလှမြင့်(ကေသီပန်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမိသားစု)က ငွေကျပ် ၄၀၀၀၀၀၊ သီရိသုဓမ္မသိင်္ဂီ

ဒေါ်အေးမြတ်နွယ် (ပုဂံဟိုတယ်)က ငွေကျပ် ၃၀၀၀၀၀၊ ဦးညိမ်းအောင်–ဒေါ်ခင်ရွှေ (ဒိုင်းနမစ်ဆောက်လုပ်ရေး)က ငွေကျပ် ၂၅၀၀၀၀၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး (စန္ဒီပရ ဆေးတိုက်)က ငွေကျပ် ၂၂၅၀၀၀၊ မြန်မာပြည်သားဟော့ ကေအင်န်ကုမ္ပဏီမှ သီဟသုဓမ္မ မဏိဇောတရေ ဦးတင်ဝင်း– သီရိသုဓမ္မသိင်္ဂီ ဒေါ်စန်းဝင်း၊ သီဟသုဓမ္မမဏိဇောတရေ ဦးသိုင်းဝင်း–သီဟသုဓမ္မသိင်္ဂီ ဒေါ်ဌေးဌေးညွှန့် (ဘီတီဘီ ကုမ္ပဏီ)၊ သီဟသုဓမ္မမဏိဇောတရေ ဦးတင်အောင်– ဒေါ်လှလှနွယ် (ဝင်းရတနာခရီးသွားလုပ်ငန်း)၊ သီဟသုဓမ္မ မဏိဇောတရေ ဦးသန်းနိုင်–သီဟသုဓမ္မ သိင်္ဂီ ဒေါ်ကြည်ကြည်ဆွေနှင့် ဦးခင်မောင်သန်း–ဒေါ်သိန်းသိန်း မိသားစု(မြေနီကုန်း၊ စမ်းချောင်းမြို့နယ်)တို့က ငွေကျပ် ၂၀၀၀၀၀စီ၊ စမ်းချောင်းမြို့နယ် ဆီကုန်သည်များအသင်း၊ စမ်းချောင်းမြို့နယ် မြင်းမိုရ်လမ်းမှ ဦးသိန်းထွန်း–ဒေါ်ငွေလှိုင် မိသားစု၊ စမ်းချောင်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် မိသားစုများက ငွေကျပ် ၁၅၀၀၀၀စီ၊ စမ်းချောင်းမြို့နယ် ဟိုတယ်လုပ်ငန်းရှင်များနှင့် အာရှတော်ဝင် အထူးကုဆေးခန်း တို့က ငွေကျပ် ၁၁၀၀၀၀စီ၊ စမ်းချောင်းမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဆန်းမြန်မာကုမ္ပဏီမှ ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန်၊ ထွန်းရွှေဝါဆေးတိုက်မှ ဦးထွန်းရွှေ–ဒေါ်သင်းသင်းဆွေ၊ ဦးခင်မောင်ထွန်း၊ သား မောင်ထက်လင်း(ထက်လင်း ဆေးတိုက်)၊ ရှိုင်းဟုပ်ကုမ္ပဏီ၊ စမ်းချောင်းမြို့နယ် ဥပဋ္ဌာကအဖွဲ့၊ စမ်းချောင်းမြို့နယ် လူမှုရေး အသင်းအဖွဲ့များ၊ ဦးချသန်း–ဒေါ်ဝင်းကြည်၊ သား ဦးခိုင်စိုး (မြေလတ်သား) မိသားစု၊ ဦးမျိုးအောင်–ဒေါ်ဝင်းဝင်းမော် "မြတ်မင်းမော်" ဆောက်လုပ်ရေးလုပ်ငန်း မိသားစု၊ ဦးစိန်ထွေး"ဂင်ဇာလှ"ဆောက်လုပ်ရေး၊ ဆာကူရာ အထူးကု ဆေးခန်း၊ ဦးကျော်မြင့်–ဒေါ်ကျင်သန်း မိသားစု၊ ဆေးဆရာကြီး ဦးခင်မောင်ရီ မိသားစု၊ ဒေါ်ရှုယဉ်မိသားစု၊ ဦးမြသောင်း–ဒေါ်စိန်စိန် မိသားစု၊ မင်္ဂလာ မောင်မောင် ဘုရားဖူးမော်တော်ယာဉ်လုပ်ငန်း၊ ဦးအောင်ညိမ်းမိသားစု၊ ဦးအောင်သင်မိသားစု(တွင်ခုံနှင့် အင်ဂျင်ဟက်လုပ်ငန်း)၊ ဦးထွန်းလှိုင် မိသားစု ဆောက်လုပ်ရေးလုပ်ငန်း၊ ဦးကျော်ဝင်း– ရွှေပန်းတိမ်လုပ်ငန်း မိသားစုနှင့် စမ်းချောင်းမြို့နယ်အတွင်းရှိ အလှူရှင်ခြောက်ဦးတို့က ငွေကျပ် ၁၀၀၀၀၀ စီ၊ စမ်းချောင်း မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးမြင့်၊ ဆရာမများ၊ ကျောင်းသူများနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင် များအသင်းတို့က ငွေကျပ် ၈၀၀၀၀စီ၊ မှန်ချိုဆေးတိုက်မှ သမားတော်ကြီး ဦးလှဌေး– သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်နွယ်ဦး၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှတို့က ငွေကျပ် ၅၂၀၀၀စီ၊ (ဦးအောင်မြင့်)–ဒေါ်ဖြူသီ လှူပုံတော်ပတ္တမြား၊ သီဟသုဓမ္မ သိင်္ဂီ ဒေါ်မြသိန်း၊ သား ဦးရန်ရှင်း မိသားစု ယူနိုက်တက် ဝင်းနားကုမ္ပဏီ၊ စမ်းချောင်းမြို့နယ် စည်ပင်သာယာအုပ်ချုပ် ရေးမှူးရုံး မိသားစုနှင့် စမ်းချောင်းမြို့နယ် ပညာရေးမိသားစု တို့က ငွေကျပ် ၅၀၀၀၀စီ တို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တပ်မတော်အရာရှိကြီးများက ပရိယတ္တိ စာသင်တိုက်များကိုယ်စား လက်ခံကြသည်။

ဆက်လက်၍ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို စစ်ဦးစီး ဗိုလ်မှူးကြီး (စက်မှုလက်မှု) (လေ) ဗိုလ်မှူးကြီးချန်မောင်က ရှင်းလင်း လျှောက်ထားသည်။

ယင်းနောက် စမ်းချောင်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ နေနတ်သား စာသင်တိုက် နာယက ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဇနက က အနုမောဒနာ တရား ဟောကြားချီးမြှင့်တော်မူပြီး ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများက အရပ် ၁၀ မျက်နှာမေတ္တာပို့ဖြင့် မေတ္တာပို့သကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်ရှိ ပရိယတ္တိ စာသင်တိုက် ၁၅တိုက်နှင့် သီလရှင် စာသင်တိုက်တစ်တိုက် တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ယနေ့လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် ၃၆၈အိတ်၊ ဆီ ၁၆၆ပိဿာ၊ ပဲ ၂၉၈ပိဿာ၊ အိုင်အိုဒင်းဆား ၁၆၅၉ပိဿာ၊ သွားတိုက်ဆား ၃၂၂ဘူး၊ ဆေးမျိုးစုံ ၆၇၇၃ဘူး၊ ဆပ်ပြာ ၃၃၁၈တောင့်၊ ငံပြာရည် ၁၇ဘူး၊ ခေါက်ဆွဲခြောက်အထုပ် ၆၀၊ ငါးခြောက် ၈၂၉ပိဿာ၊ ကျိုက်ထီးရိုးဘုရား ပုံတော်များနှင့် ဆွမ်းပဒေသာပင် အလှူငွေ စုစုပေါင်း ကျပ် ၅၇၆၉၀၅၀ဖြစ်သည်။

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် နှင့် ဒေါပုံမြို့နယ်တို့ရှိ ပရိယတ္တိစာသင်တိုက် ၂၄တိုက်နှင့် သီလရှင်စာသင်တိုက် နှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် လှူဒါန်းပွဲ အခမ်းအနားကို ညနေ ၃နာရီတွင် သာကေတ မြို့နယ် ဖိနမာန်အောင်စေတီတော်ဝင်းအတွင်း ဝိမုတ္တိရသဓမ္မ ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ဒေါပုံမြို့နယ် သာသနာ့အလင်းရောင် ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဇောတိကထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဒုတိယ ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၏ ဆွမ်းဆန်တော်၊ ဆီနှင့်ပဲများကို တပ်မတော် (ကြည်း၊ရေ၊ လေ)မိသားစုများကိုယ်စား စစ်ဦးစီး အရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် တင်စိုးနှင့် စစ်ဦးစီးဗိုလ်မှူးကြီး (စက်မှုလက်မှု)(လေ) ဗိုလ်မှူးကြီးချန်မောင်တို့က ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ သတ္တုတွင်းဝန်ကြီးဌာန၊ ဒေါပုံမြို့နယ်နှင့် သာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ဓမ္မာရုံများ၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ➪

ပါကစ္စတန်အလုပ်သမားများကို တောင်ကိုရီးယား ပိုမိုခေါ်ယူမည် မလေးရှား လုပ်ငန်းကဏ္ဍများတွင်လည်း လုပ်ကိုင်နိုင်ရန် ဆွေးနွေး

အစ္စလမ္မာဘတ် စက်တင်ဘာ ၁၀

တောင်ကိုရီးယားနိုင်ငံတွင် လာရောက်လုပ်ကိုင်မည့် နိုင်ငံခြားသားအလုပ်သမားများစာရင်းတွင် ပါကစ္စတန်နိုင်ငံမှ အလုပ်သမားများ ပိုမိုခေါ်ယူရန် တောင်ကိုရီးယားနိုင်ငံက သဘောတူညီခဲ့ကြောင်း ပါကစ္စတန် အလုပ်သမားနှင့် နိုင်ငံရပ်ခြားလုပ်ငန်းရှာဖွေရေးဝန်ကြီး ဂူလမ်ဆာဝါခမ်က တနင်္လာနေ့တွင် ပြောကြားချက်ကို ပါကစ္စတန် အေပီသတင်းဌာနက ထပ်ဆင့်ဖော်ပြခဲ့သည်။

ဝန်ကြီး ခမ်သည် သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်သူ ဦးရေသည် ပါကစ္စတန်နိုင်ငံမှ များပြားလာဖွယ်ရှိကြောင်း ၎င်းက ဆိုသည်။

ပါကစ္စတန်နိုင်ငံမှ အလုပ်သမားများသည် တောင်ကိုရီးယားနိုင်ငံသို့ ယခင်နှစ်ကာလများစွာ ကတည်းကပင် သွားရောက် အလုပ်လုပ်ကိုင်ခဲ့ပြီး ယခုအခါ တောင်ကိုရီးယား နိုင်ငံ၏ လုပ်ငန်းများတွင် ပါကစ္စတန် အလုပ်သမား ၃၉၄၆ဦး ဝင်ရောက် လုပ်ကိုင်လျက်ရှိသည်ဟု အဆိုပါဝန်ကြီးက ပြောဆိုသည်။

ထို့အပြင် ပါကစ္စတန် အလုပ်သမား အများအပြားကို မလေးရှားနိုင်ငံကလည်း ခေါ်ယူရန် သဘောကြောင်း၊ ၎င်းတို့သည် မလေးရှားနိုင်ငံ ကုန်ထုတ်လုပ်ရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် ပင်လယ်ငါးဖမ်းလုပ်ငန်းတို့တွင် လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း မလေးရှားအစိုးရတာဝန်ရှိသူများနှင့် မကြာမီက တွေ့ဆုံဆွေးနွေးပြီးနောက် ဝန်ကြီးခမ်က ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံတွင် အလုပ်အကိုင်ရှာဖွေနိုင်ရေးနှင့် အလုပ်သမားများအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ပါကစ္စတန်အလုပ်သမားဆိုင်ရာ ရုံးတစ်ရုံးဖွင့်ရန် ဆုံးဖြတ်ထားကြောင်းလည်း ၎င်းက ထပ်မံပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားတွင် မြေလျှင်လှုပ်

ဟောင်ကောင် စက်တင်ဘာ ၁၁

အင်ဒိုနီးရှားနိုင်ငံ မြောက်ပိုင်း ဆုမတြားပြည်နယ် အနောက်ဘက် ပင်လယ်ပြင်တွင် တနင်္ဂနွေနေ့က ရစ်ချ်တာစကေး ၅ဒသမ ၉ရှိ မြေလျှင်လှုပ်ခဲ့ကြောင်း ဟောင်ကောင် မြေလျှင်တိုင်းတာရေးဌာနက ထုတ်ပြန်ကြေညာသည်။

မြေလျှင်ဗဟိုပြုရာ နေရာမှာ ဘန်ဒါအာချေးမြို့၏ တောင်ဘက် သို့မဟုတ် အနောက်တောင်ဘက် ကီလိုမီတာ ၈၀အကွာရှိ နေရာဖြစ်ပြီး တနင်္ဂနွေနေ့ ဒေသစံတော်ချိန် နံနက် ၁နာရီ ဝ၃ မိနစ်တွင် မြေလျှင်လှုပ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ခိုးဝင်လာသူများ သယ်လာသည့် ကားတိမ်းမှောက် ငါးဦးသေဆုံးပြီး လူ၂၀ ဒဏ်ရာရ

အေသင် စက်တင်ဘာ ၁၀

တရားမဝင် ခိုးဝင်သူများကို သယ်ဆောင်လာသော ထရပ်ကား တစ်စီးသည် ဂရိနိုင်ငံ မြောက်ပိုင်း သီဆာလိုနီကီမြို့ဆီသို့ သွားနေစဉ် စက်တင်ဘာ ၉ ရက်က တိမ်းမှောက်သွားသဖြင့် နိုင်ငံတွင်းသို့ ခိုးဝင်သူငါးဦးသေဆုံးပြီး ၂၀ ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တိမ်းမှောက်သွားသော ကားကို မောင်းနှင်လာသူ ယာဉ်မောင်းမှာ ထွက်ပြေးသွားသည်။ ၎င်းမောင်းနှင်လာသော ထရပ်ကားဖြင့် အီရတ်အများစုပါဝင်သော ခိုးဝင်သူ ၃၀ ခန့် လိုက်ပါလာကြသည်။ ထိုခရီးသည် များသည် တူရကီ-ဂရိနယ်စပ်မှ ဂရိနိုင်ငံမြောက်ပိုင်းသို့ သွားနေစဉ် ယာဉ်တိမ်းမှောက်ခဲ့ရခြင်းဖြစ်သည်။

ထိုကားသည် သီဆာလိုနီကီမြို့ အရှေ့ဘက် ၂၅ မိုင်အကွာ အရောက်တွင် အခြားကားလေးစီးကို ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ ကားတစ်စီးကို ဝင်တိုက်ပြီးနောက် တိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ဒဏ်ရာရရှိသွားသူများအနက် နှစ်ဦးမှာ စိုးရိမ်ရသော အခြေအနေရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်ရှိ စစ်ဆေးရေးဂိတ်တွင် အမေရိကန် တပ်ဖွဲ့ဝင်များ လုံခြုံရေး ဆောင်ရွက်နေသည်ကို စက်တင်ဘာ ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စပိန်အရှေ့ပိုင်း ဗလင်စီယာမြို့၌ ရထားသုံးစင်းတိုက်

မဒရစ် စက်တင်ဘာ ၁၀

စပိန်နိုင်ငံအရှေ့ပိုင်း ဗလင်စီယာမြို့ မြေအောက်ဘူတာရုံအနီး မြေအောက်ရထားလမ်း အမှတ်(၁) တွင် စက်တင်ဘာ ၉ ရက်က ရထားတိုက်မှုဖြစ်ပွားရာ အနည်းဆုံး လူ ၄၀ ဒဏ်ရာရရှိသွားကြောင်း အက်ဖ်ဂျီဗွီကုမ္ပဏီက ပြောကြားသည်။

ယင်းမတော်တဆမှုသည် နံနက် ၁၀ နာရီခွဲတွင် လီရီယာဘူတာနှင့် ဘက်တီယာဘူတာတို့ကို ဆက်သွယ်ထားသော ရထားလမ်းပေါ်တွင် ဖြစ်ပွားကြောင်း သိရသည်။ ထိုရထားတိုက်မှုမှာ ရထားသုံးစင်းပါဝင်ကြောင်း မီဒီယာသတင်းများက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ အာဘီးလ်မြို့တွင် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၁၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာ သတင်းများ

အော်ဖီလီယာမုန်တိုင်းဆက်လက်အားကောင်းလာ ဖလော်ရီဒါနှင့် ဂျော်ဂျီယာကမ်းခြေများသို့ ကျရောက်နိုင်

မီယာမီ စက်တင်ဘာ ၁၀

အမေရိကန်နိုင်ငံ ဖလော်ရီဒါ ကမ်းခြေအလွန် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဖြစ်ပေါ်လာသော အော်ဖီလီယာအပူပိုင်းမုန်တိုင်းသည် အင်အားပိုမိုကောင်းလာကာ ကုန်းတွင်းပိုင်းဆီမှဖယ်ခွာကာ ပင်လယ်ဘက်ဆီသို့ ဦးလှည့်သွားကြောင်း၊ သို့ရာတွင် မုန်တိုင်းလမ်းကြောင်း ခန့်မှန်းရာ၌ မရေရာမှုများ များပြားသည့်အတွက် မိုးလေဝသခန့်မှန်းသူများက ဖလော်ရီဒါနှင့် ဂျော်ဂျီယာပြည်နယ်များသို့ မုန်တိုင်းဝင်နိုင်သည်ဆိုသောအချက်ကို ခန့်မှန်းချက်တွင် ဆက်လက်ထည့်သွင်းထားဆဲဖြစ်သည်။

ခန့်မှန်း

ထိုမုန်တိုင်းသည် ဖလော်ရီဒါကမ်းခြေ ဆီဘက်စတီရန် အရပ်မှ ဖလက်ဂျာလာကမ်းခြေအထိ မိုင် ၁၂၀ အကွာ အဝန်းအဝိုင်းအတွင်း နောက် ၂၄ နာရီအချိန်တွင် ကျရောက်နိုင်ကြောင်း ခန့်မှန်းချက်၌ သတိပေးထားသည်။

အော်ဖီလီယာမုန်တိုင်းသည် တစ်နာရီ လေတိုက်နှုန်း ၄၅ မိုင်အထိ တစ်ညတာအတွင်း ကျသွားနိုင်သော်လည်း ဖလော်ရီဒါပြည်နယ်မြောက်ဘက်နှင့် ဂျော်ဂျီယာပြည်နယ် အရှေ့တောင်ပိုင်းဒေသများတွင် မုန်တိုင်းအရှိန်ကြောင့် မိုးရေချိန် ၃ လက်မမှ ၈ လက်မအထိ ရွာနိုင်ကြောင်း အမျိုးသားဟာရီကိန်းမုန်တိုင်း လေ့လာရေးဗဟိုဌာနက ခန့်မှန်းသည်။ ဗုဒ္ဓဟူးနေ့နံနက် ၈နာရီက အော်ဖီလီယာမုန်တိုင်းသည် ဖလော်ရီဒါပြည်နယ် ကိပ်ကာနီဗယ်အငူ၏ ကမ်းလွန်ဒေသ အရှေ့ဘက် မိုင် ၈၀ အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေရာမှ မြောက် အနောက်မြောက်ဘက်အရပ်ဆီသို့ ဆက်လက်ရွေ့လျားလျက်ရှိသည်။

ထိုမုန်တိုင်းသည် စက်တင်ဘာ ၁၂ ရက်အရောက်တွင် တဖြည်းဖြည်းချင်း ဟာရီကိန်းမုန်တိုင်းအဆင့် တစ်နာရီ ၇၄ မိုင်နှုန်းအထိ အင်အားကောင်းလာကာ အမေရိကန် ကမ်းခြေမှ ဝေးရာမြောက်ဘက်ဆီသို့ ရွေ့လျားသွားစရာ ရှိသည်ဟု ဆိုသည်။

သတိပြု

လက်ရှိအခြေအနေအရ ခန့်မှန်းရာတွင် အသုံးပြုသော နည်းနာနှင့် ပုံစံများအရ မုန်တိုင်းလမ်းကြောင်းသည် အပြောင်းအလဲများရှိနိုင်သည်ကို သတိပြုမိသည်။ သို့ဖြစ်၍ နောက် ငါးရက်အတွင်းတွင် ထိုမုန်တိုင်းသည် ဖလော်ရီဒါ မြောက်ပိုင်းနှင့် ဂျော်ဂျီယာပြည်နယ်များကို ဝင်ရောက်နိုင်သည်ဟူသော အချက်ကို ခန့်မှန်းချက်တွင် ဆက်လက်ထည့်သွင်းထားကြဆဲဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘဂ္ဂဒက်အနောက်ပိုင်းတွင် ပစ်ခတ်မှုဖြစ်ပွား အီရတ်ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁၀

ဘဂ္ဂဒက်မြို့ အနောက်ဘက်တွင် လက်နက်ကိုင်တစ်စုသည် အီရတ်ရဲတပ်ဖွဲ့ လှည့်ကင်းတစ်ခုကို စက်တင်ဘာ ၉ ရက်က တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးသွားပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း သတင်းများက ဖော်ပြသည်။

အယ်လ်ရာဘီလမ်းတွင် နံနက် ၁၁ နာရီခွဲခန့်က ရဲတပ်ဖွဲ့ယာဉ်နှစ်စီး ကင်းလှည့်နေစဉ် အမည်မသိ လက်နက်ကိုင်တစ်စုက တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့ယာဉ်တစ်စီးမှာ တိမ်းမှောက်သွားပြီး အခြားတစ်စီးမှာ မီးလောင်သွားကြောင်း ရဲတပ်ဖွဲ့ဗိုလ်ကြီး အာမက် အဗ္ဗဒူလ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

တိမ်းမှောက်သွားသော ရဲတပ်ဖွဲ့ယာဉ်ပေါ်တွင် လိုက်ပါလာသူ တစ်ဦးသေဆုံးပြီး အခြားသုံးဦးတို့ ဒဏ်ရာရရှိသွားကြခြင်းဖြစ်သည်ဟု အဗ္ဗဒူလ်က ပြောကြားသည်။

ဒဏ်ရာရ

မီးလောင်သွားသောယာဉ်မှ အချို့မှာ ဒဏ်ရာရရှိသွားကြောင်း သိရသည်။ မီးသတ်ယာဉ်များ ရောက်လာသောအခါ လုံခြုံရေးက အခင်းဖြစ်ပွားရာနေရာကို အဝင်အထွက် ပိတ်ထားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ် တောင်ပိုင်းတွင် ကားဗုံးကွဲ တစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

ဘဂ္ဂဒက် စက်တင်ဘာ ၁၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ တောင်ဘက်ပိုင်းတွင် စက်တင်ဘာ ၉ ရက်က အမေရိကန်ယာဉ်တန်း ဖြတ်သန်းသွားစဉ် ကားဗုံးတစ်လုံးဖောက်ခွဲ တိုက်ခိုက်ခဲ့သည့်အတွက် အီရတ်အမျိုးသမီးတစ်ဦး သေဆုံးသွားပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒူရာခရိုင်အတွင်းရှိအဝေးပြေးလမ်းမပေါ်သို့ ကန်စစ်ဘက်ယာဉ်တန်း ရောက်လာခိုက် ကားဗုံးဟု ယူဆရသော ဗုံးတစ်လုံးဖောက်ခွဲမှုဖြစ်ပွားခဲ့သည်။ ထိုအဖြစ်အပျက်ကြောင့် အီရတ် အမျိုးသမီးတစ်ဦး သေဆုံးရပြီး သုံးဦးဒဏ်ရာရရှိသွားကြကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ဗုံးပေါက်ကွဲပြီးလျှင်ပြီးချင်း အခင်းဖြစ်ပွားရာနေရာကို ကန်တပ်ဖွဲ့က ပိတ်ပင်ထားလိုက်သည်။ အမေရိကန်တပ်ဖွဲ့များ ထိခိုက်မှု ရှိ၊ မရှိ မသိရဟု ရဲတပ်ဖွဲ့သတင်းများကဆိုသည်။ ကန်တပ်ဖွဲ့ဝင်များသည် အရပ်သားများသာမက အီရတ်ရဲတပ်ဖွဲ့ဝင်များကိုပင် ဗုံးကွဲရာနေရာသို့ ဝင်ရောက်ခွင့်မပြုဘဲထားခဲ့သည်။

အီရတ်ရှိ ပြည်ပတပ်ဖွဲ့များ နိုင်ငံတွင်းမှ ထွက်သွားစေရန်နှင့် ကန်ထောက်ခံသော အီရတ်အစိုးရ ပြုတ်ကျသွားစေရန် ရည်ရွယ်၍ လက်နက်ကိုင်များက တိုက်ခိုက်လျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

➪ စာမျက်နှာ ၃ မှ

မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ သီရိသုခမ္မမဏိဇောတခရေ ဦးကျော်မင်း မိသားစု၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အိုကေဆန်စက်၊ စန္ဒီပရဆေးမိသားစု၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့်နှင့် ဟင်းမွှေးမဆလာ ထုတ်လုပ်ရေးမိသားစု၊ ထက်လင်း တိုင်းရင်းဆေးမိသားစု၊ ကံ့ကော်ရွှေပြည် ဦးသန်းထွန်းမိသားစု၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာန၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှ မိသားစု၊ လူပုံတော်ပတ္တမြားဆေးတိုက်မိသားစု၊ ဦးကြည်စိုး (ကေသီပန်ဆေးတိုက်)မိသားစု၊ ထွန်းရွှေဝါဆေးတိုက် မိသားစု၊ ဒဂုံဦးတင်ဝင်း မိသားစု၊ ဦးအောင်ရွှေ(စိန်ခဲ၊ ရွှေခဲ၊ ငွေခဲ ငံပြာရည်လုပ်ငန်း)မိသားစု၊ မှန်ချိုဆေးတိုက် မိသားစု၊ ဦးနိုင်ဦး(မိဘရိပ်ကုမ္ပဏီ)နှင့် အလှူရှင်များက ဆရာတော်များထံ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ တိုင်းရင်းဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင်များ လှူဒါန်းကြရာ ဦးကြည်-ဒေါ်ခင်တင့် မိသားစုက ငွေကျပ်သိန်း ၅၀၊ ဦးကောင်းစံ-ဒေါ်မေခိုင်ဝင်း မိသားစုက ငွေကျပ် ၃၄သိန်း၊ ဦးစိန်ဝင်း-ဒေါ်မြမြရီ ပန်းကမ္ဘာ မိသားစုက ငွေကျပ် ၁၀သိန်း၊ မြို့နယ် ပညာရေးမိသားစုများက ငွေကျပ်တစ်သိန်း နှစ်သောင်း၊ ဦးလှထွန်း-ဒေါ်တင်ရီ(ဝင်းထွန်းမော်တော်ယာဉ် လီမိတက်) မိသားစုက ငွေကျပ်တစ်သိန်း တစ်သောင်း၊ ဦးထိန်ဝင်း-ဒေါ်ဆွေဆွေအိ မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးကျော်တင့် (ဥက္ကဋ္ဌ၊ သာကေတစက်မှုဇုန်) မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးမင်းဦး- ဒေါ်လှလှဝေ (ဧဝရတ်စက္ကူဘူး လုပ်ငန်း)က ငွေကျပ်တစ်သိန်း၊ ဦးဌေးဦး(မြို့နယ်ဆီဆန် ကုန်သည်မိသားစု)က ငွေကျပ်တစ်သိန်း၊ ဦးတင်အောင်နှင့် ခုနစ်ဦး (၆/အရှေ့ရပ်ကွက်) သာကေတက ငွေကျပ် ခုနစ်သောင်း၊ ဦးလှကြည်(စီးပွားရေးလုပ်ငန်း သမဝါယမ အသင်းစု)က ငွေကျပ်ခြောက်သောင်းသုံးထောင်၊ ဒေါပုံ မြို့နယ်နှင့် သာကေတမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က ငွေကျပ် ရှစ်သောင်း၊ ဦးတင်ဌေ(မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)က ငွေကျပ်တစ်သောင်း၊ ဦးအောင်မွန်-ဒေါ်လှလှမော် (မြင့်မြတ် ဆန်စပါးထုတ်လုပ်ရေး)က ငွေကျပ် ငါးသိန်း၊ ဒေါက်တာ အောင်သိန်း (နီပန်အင်တင်နာ) က ငွေကျပ်တစ်သိန်း၊ အဏ္ဏဝါမင်း ဆားစက်က ငွေကျပ်နှစ်သောင်း၊ ရွှေပုစွန် မိသားစုက ငွေကျပ်ငါးသိန်း၊ ဆေးစက်ရပ်ကွက် ဆွမ်းလောင်း အသင်းက ငွေကျပ် ၄၀၂၆၀၀၊ ပုသိမ်မြေရပ်ကွက် ဆွမ်းလောင်းအသင်းက ငွေကျပ် ၃၇၂၆၀၀၊ ပေါ်ပြူလာ ပလတ်စတစ်လုပ်ငန်းက ငွေကျပ်နှစ်သိန်း၊ ဒေါပုံမြို့နယ် ဆီကုန်သည်အသင်းက ငွေကျပ်နှစ်သိန်း၊ ဦးမောင်မောင်ဝင်း- ဒေါ်စန်းစန်းအေး (အသေးစားချေးငွေလုပ်ငန်း)က ငွေကျပ် တစ်သိန်း၊ မြို့သစ်ရပ်ကွက် ဆွမ်းလောင်းအသင်းက ငွေကျပ် ၁၅၀၆၀၀၊ အဏ္ဏဝါဒေဝီအအေးခန်း၊ အောင်ဖြိုးဦး (ကျွန်းတံခါး)လုပ်ငန်း၊ ဦးမူတူး(ကုန်စုံဆိုင်)နှင့် ဦးကျော်ကျော် (ဘိုးလိန်းစင်တာ)တို့က ငွေကျပ်တစ်သိန်းစီ၊ ထက်လင်း ဆေးတိုက် မိသားစုက ငွေကျပ်တစ်သိန်း၊ KNဦးတင်ဝင်း- ဒေါ်စန်းဝင်းက ငွေကျပ်သုံးသိန်း၊ သီရိသုခမ္မသီဂီ ဒေါ်အေး မြတ်နွယ် (ပုဂံဟိုတယ်)က ငွေကျပ်သုံးသိန်း၊ ဦးသန်းနိုင်- ဒေါ်ကြည်ကြည်ဆွေ (သမ္မတသက်န်းတိုက်)က ငွေကျပ် ၂၆၀၀၀၀၊ စန္ဒီပရဆေး မိသားစုက ငွေကျပ် ၂၂၅၀၅၀၊ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့်က ငွေကျပ်နှစ်သိန်း၊ ဝင်းရတနာ ခရီးသွားလုပ်ငန်းက ငွေကျပ်နှစ်သိန်း၊ ဆန်းမြန်မာကုမ္ပဏီ မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ထွန်းရွှေဝါဆေးတိုက်က ငွေကျပ်တစ်သိန်း၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့်နှင့် ဟင်းမွှေး မဆလာထုတ်လုပ်ရေးက ငွေကျပ် ၁၁၀၀၀၀၊ လမ်းမတော် မြို့နယ်မှ ဒေါ်လှလှက ငွေကျပ်၆၃၀၀၀၊ မှန်ချိုဆေးတိုက် မိသားစုက ငွေကျပ်၅၂၀၀၀၊ ကေသီပန်ဆေးတိုက်နှင့် လူပုံတော်ပတ္တမြားဆေးတိုက်တို့က ငွေကျပ်ငါးသောင်းစီ၊ ချမ်းမြေ့စတိုးက ငွေကျပ် ၁၁၇၀၀၀၊ တပ်မတော်(ကြည်း၊ရေ၊ လေ) မိသားစုများက ငွေကျပ် ၂၆၀၀၀၀၊ ဦးချစ်မွှေး- ဒေါ်မြင့်မြင့်ရီ မိသားစုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်က ငွေကျပ်ငါးသိန်းစီ၊ ကံ့ကော်ရွှေပြည်မိသားစုက ငွေကျပ် ၂၂၅၀၀၀၊ မြန်မာနိုင်ငံဆန်ကုန်သည်များအသင်းက ငွေကျပ် ၂၆၀၀၀၀၊ ဒေါ်နုနုငယ် (နုငယ်ဆောက်လုပ်ရေး)၊သီရိသုခမ္မ မဏိဇောတခရေ သီဟသုခမ္မမဏိဇောတခရေ ဦးကျော်မင်း၊ ဦးစိုးဟန်လင်း(ဗိုလ်တထောင်)၊ ဒေါ်ခင်နန်းမွန်(ရန်ကင်း)နှင့် ဦးခင်ဇော်(ကျားကိုးကောင်မော်တော်ယာဉ်ထုတ်လုပ်ရေး)တို့က ငွေကျပ် နှစ်သိန်းစီ၊ ရန်ကုန်အရှေ့ပိုင်း ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တို့က ငွေကျပ်သုံးသိန်း၊ ဦးစိုးသိန်း(မန်နေဂျင်းဒါရိုက်တာ၊ ခနအောင်ကုမ္ပဏီ)-ဇနီး ဒေါ်ခင်ချိုအုန်း(ဒုတိယညွှန်ကြား ရေးမှူး-ရှေ့နေချုပ်ရုံး) မြခွာညိုအိမ်ရာ မိသားစု သာကေတ မြို့နယ်က ငွေကျပ်သုံးသိန်း၊ ဦးကြူးခင်(လွှန်းကျင်းလုပ်ငန်း)၊ ဦးသိန်းရွှေ(ရွှေသိန်းဆန်စက်)၊ ဦးလေးအောင် (ယမုံနာ ရောင်းဝယ်ရေးသမဝါယမလီမိတက်)၊ ဦးသက်ဇင်(စိန်တံခွန် ဧည့်ရိပ်သာ)၊ ဆောင်းသဇင် ဧည့်ရိပ်သာနှင့် ဒေါပုံမြို့နယ် ပညာရေးမိသားစုတို့က ငွေကျပ်ငါးသောင်းစီ အပါအဝင် အလှူရှင်များက အလှူငွေကျပ် ၁၉၅၅၄၄၅၀ ကို ပေးအပ် လှူဒါန်းကြရာ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ် ဉာဏ်ထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တပ်မတော်အရာရှိကြီး များက စာသင်တိုက်များကိုယ်စား လက်ခံကြသည်။

ဆက်လက်၍ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို စစ်ဦးစီးဗိုလ်မှူးကြီး (စက်မှုလက်မှု)(လေ)ဗိုလ်မှူးကြီးချန်မောင်က လျှောက်ထား သည်။

ယင်းနောက် သာကေတမြို့နယ် ပါဠိကာရီပရိယတ္တိ စာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တအင်္ဂိသ ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် သာကေတမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ဝတ်အဖွဲ့က အရပ်(၁၀)မျက်နှာ ဆုတောင်းမေတ္တာပို့သကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်နှင့် ဒေါပုံ မြို့နယ်တို့ရှိ ပရိယတ္တိစာသင်တိုက် ၂၄ တိုက် နှင့်သီလရှင် စာသင်တိုက်နှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ယနေ့လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော်အိတ် ၆၀၀၊ ဆီ ၂၃၅ပိဿာ၊ ပဲ ၄၂၄ ပိဿာ၊ အိုင်အိုဒင်းဆား ၂၄၀၈ ပိဿာ၊ သွားတိုက် ဆားဘူး ၄၇၂ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၆၂၈၈ ဘူး၊ ရွှေဝါ ဆပ်ပြာ ၂၃၅၈ တောင့်၊ မွှေးဆပ်ပြာ ၂၃၅၈ ခဲ၊ ငါးခြောက် ၁၂၇၉ ပိဿာ၊ ငရုတ်သီးမှုန့်အထုပ် ၁၀၈၀၊ ငံပြာရည် ငါးလီတာဘူး ၁၅ဘူး၊ ကျိုက်ထီးရိုးပုံတော်များ၊ ခေါက်ဆွဲ ခြောက်ထုပ်၆၀နှင့် ဆွမ်းပဒေသာပင် အလှူငွေစုစုပေါင်း ငွေကျပ် ၁၉၅၅၄၄၅၀ ဖြစ်သည်။ (သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များ လှည့်လည်စစ်ဆေးကြပ်မတ်

ရန်ကုန် စက်တင်ဘာ ၁၁

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ကော်မတီဝင် စစ်ဆေးကြပ်မတ်ရေး ဒုတိယအဖွဲ့ခေါင်းဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ကော်မတီဝင်များဖြစ်ကြသော တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လည်းကောင်း၊ ကော်မတီဝင်များ ဖြစ်ကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများသည် ညနေပိုင်းတွင်လည်းကောင်း မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ်(Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)နှင့်ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ-မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ (သတင်းစဉ်)

ရန်ကင်းမြို့နယ် ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်းအတွက် တောင်ဥက္ကလာပ(၁၄/၂) ရပ်ကွက် သံသုမာလမ်းနေ ဦးဝင်းသန့် (ဒေါ်သန်းသန်းစိုး) သမီးရွှေရည်ဝင်းသန့်၊ ဟေမာဝင်းသန့်၊ သား ကောင်းထက်ဝင်းသန့် မိသားစုက အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။

(က-ပ)

ပြည်တောင်တန်း တောရကျောင်းများ ဆွမ်းဆန်တော် လောင်းလှူပွဲကျင်းပရေးညှိနှိုင်း

ရန်ကုန် စက်တင်ဘာ ၁၁

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်တောင်တန်း တောရကျောင်းများ၏ (၂၄)ကြိမ်မြောက် ဆွမ်းဆန်တော် လောင်းလှူပွဲကျင်းပရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၇ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

စည်ကားသိုက်မြိုက်စွာ

အခမ်းအနားတွင် (၂၄)ကြိမ်မြောက် ပြည်တောင်တန်း တောရကျောင်းများ၏ ဆွမ်းဆန်တော် လောင်းလှူပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် လှမင်းက အမှာစကားပြောကြားပြီး ပဲခူးတိုင်း အနောက်ပိုင်းတိုင်းခွဲ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်က ဆွမ်းဆန်တော်လောင်းလှူပွဲကို ယခင်နှစ်နည်းတူ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီများနှင့် လုပ်ငန်းကော်မတီများအား ဖွဲ့စည်းမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ တာဝန်ရှိသူများက လုပ်ငန်းအလိုက် ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဆက်သွယ်လှူဒါန်းနိုင်

(၂၄)ကြိမ်မြောက် ပြည်တောင်တန်း တောရကျောင်းများ၏ ဆွမ်းဆန်တော် လောင်းလှူပွဲတွင် ရဟန်းသာမဏေ၊ သီလရှင် စုစုပေါင်း အပါး ၁၆၀၀ ကျော်ကို ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြမည်ဖြစ်၍ ရပ်ဝေး/ရပ်နီး အလှူရှင်အပေါင်းတို့သည် ဆန်လှူအသင်းရုံး ၀၅၃-၂၂၂၂၂ ပြည်မြို့၊ ဦးပေါ်ရွှေ ဥက္ကဋ္ဌ ဆန်လှူ အသင်း ၀၅၃-၂၂၁၀၂၊ ဦးမြင့်ဆွေ အတွင်းရေးမှူး ဆန်လှူအသင်း ၀၅၃-၂၂၅၃၆၊ ဦးအုန်းကြည် အမှုဆောင် ဆန်လှူအသင်း ၀၅၃-၂၁၆၈၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လေ့လာရေးအဖွဲ့ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၁

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ National Defence College မှ Commodore Khondker Moyeenuddin Ahmed,(G), ndc, psc, BNဦးဆောင်သော လေ့လာရေး အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ၌ လေ့လာရေးခရီးလည်ပတ်ရန် ယနေ့ ညနေ ၄နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။

အဆိုပါ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ National Defence College မှ လေ့လာရေးအဖွဲ့ဝင်များအား နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သန်းမောင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Brig, Gen. Helal Uddin Ahmed, psc နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ National Defence College**မှ** Commodore Khondker Moyeenuddin Ahmed,(G), ndc, psc, BN**ဦးဆောင်သော လေ့လာရေး အဖွဲ့ဝင်များ မြန်မာနိုင်ငံတွင် လေ့လာရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)

မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက်တွင် စက်တင်ဘာ ၂ရက်က မော်လမြိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးသက်ဇင်နှင့်ဝန်ထမ်းများက နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

(မြို့နယ်လဝက)

မီဒီယာကို မီဒီယာနှင့် တုံ့ (၄)

ရတနာစည်ဆရာတော် (လွိုင်လင်)

(က)

"အခုလို SSA ရှက်ဆစ်အဖွဲ့နဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြရတာကတော့ တစ်ဖက်နိုင်ငံအတွင်း နယ်စပ်ဒေသမှာ အခြေခံနေထိုင်တဲ့ ဒီအဖွဲ့ဟာ တည်ငြိမ်အေးချမ်းနေတဲ့ ရှမ်းပြည်နယ် အစွန်အဖျားဒေသတွေမှာ အဖွဲ့ငယ်လေးတွေနဲ့ ဝင်ရောက်လုပ်ဆောင်လာတဲ့အတွက် ဒေသခံ ပြည်သူလူထုဟာ ပြည်တွင်းသောင်းကျန်းမှုဒဏ်ကို ပြန်လည်ခံစားလာကြရပြန်ပြီလို့ ပြောကြားချင်ပါတယ်"

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ဖြစ်ပါသည်။ သတင်းစာရှင်းလင်းပွဲ (၆/၂၀၀၅)၌ SSA ရှက်ဆစ်အဖွဲ့က အတင်းအဓမ္မ လူသစ်များစုဆောင်းနေသဖြင့် ဒေသခံပြည်သူများ အတိဒုက္ခရောက်နေရသော အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားနေခြင်း ဖြစ်ပါသည်။

တစ်ဖက်နိုင်ငံအတွင်း နယ်စပ်ဒေသမှာ အခြေခံနေထိုင်ပြီး တစ်ခါတစ်ခါ အတွင်းပိုင်းသို့ ရုပ်ဖျက် ဝင်ရောက်ကာ ရေကြည်ကို နှောက်နေသူများ၏ အဓမ္မလုပ်ရပ်များနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ရှင်းလင်းပြောကြားသော လတ်တလော ဖြစ်စဉ်များမှာ---

(ခ)

– ၃၁-၅-၂၀၀၅ ရက်နေ့ ညနေပိုင်း ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့ အမှတ် (၅) ရပ်ကွက်နေ စိုင်းကျော်လင်းနှင့် အခြားငါးဦးတို့ကို SSA ရှက်ဆစ်အဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားပြီး ၎င်းတို့အဖွဲ့ထဲ လူသစ်အဖြစ် အတင်းအဓမ္မဝင်ရောက်စေခဲ့ရာ စိုင်းကျော်လင်းနှင့် အခြားတစ်ဦးတို့ ပြန်လည် ထွက်ပြေးလွတ်မြောက်လာခဲ့။

– ၂၃-၆-၂၀၀၅ ရက်နေ့ ညပိုင်းမှာ ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ကဒူးကြီး ကဒူးကလေးဒေသရှိ မဲစကျေးရွာနှင့် ပုန်းဆုတ်ကျေးရွာတို့မှ ရွာသား ၄၀ ကို အတင်းအဓမ္မလူသစ်စုဆောင်းဖို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ရာ ပုန်းဆုတ်ရွာသွား တကြည်ဆိုသူတစ်ဦးသာ ပြန်လည်ထွက်ပြေးလွတ်မြောက်လာခဲ့။

– ၁၆-၇-၂၀၀၅ ရက်နေ့ နေ့လယ်ပိုင်းမှာ SSAမှ ကောလိယဆိုသူ ခေါင်းဆောင်သောအဖွဲ့သည် ကဒူးကြီးကျေးရွာဥက္ကဋ္ဌ ဦးဇောတိက အပါအဝင် ရွာသား ၁၂ ဦး၊ ပန်ကျိုင်းရွာသားတစ်ဦးနှင့် ကျေးခွန်ရွာသား နှစ်ဦး စုစုပေါင်း ၁၅ ဦးတို့ကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့။

– SSA ရှက်ဆစ် သောင်းကျန်းသူအဖွဲ့ထဲ မဝင်ရောက်လိုတဲ့အတွက် ဒေသခံ ကလေးသူငယ်များမှာ ဘုန်းကြီးကျောင်းများ၌ ရှင်သာမဏေ ဝတ်ပြီး ပုန်းလျှိုးနေခဲ့ကြရသည်မှာ ၈-၆-၂၀၀၅ ရက်နေ့မှ ၂၅-၆-၂၀၀၅ ရက်နေ့အတွင်း ကျိုင်းတောင်း တစ်မြို့တည်း၌ပင် ၆၇ ပါးအထိရှိ။

– ယင်းဖြစ်စဉ်များကြောင့် တာဝန်ရှိသူများက နယ်မြေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရပြီး မြဝတီရုပ်မြင်သံကြားအဖွဲ့က ကွင်းဆင်း၍ ရှင်သာမဏေ ၃၅ ပါးနှင့် တွေ့ဆုံမှတ်တမ်းတင် ဗီဒီယို ရိုက်ကူးခဲ့။

– ၂၀၀၅ ခုနှစ် ဇွန်လမတိုင်မီမှစ၍ ရှမ်းပြည်နယ်အတွင်းရှိ ကျေးရွာများမှာ တစ်အိမ်လျှင် ယောကျာ်းသုံးဦးရှိက နှစ်ဦးပေးရမည်ဆိုပြီး အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းများ ပြုလုပ်လာခြင်းကြောင့် ရွာသားများ ရွာ၌မနေဝံ့ကြတော့ဘဲ မြို့ပေါ်သို့ ပြောင်းရွှေ့လာခြင်းနှင့် အခြားနေရာများသို့ ထွက်ခွာတိမ်းရှောင်နေရခြင်းဖြင့် လူမှုဒုက္ခခံစားနေကြရ။

(ဂ)

၂၈-၈-၂၀၀၅ ရက်နေ့ ည ၈နာရီ မြန်မာ့ရုပ်မြင်သံကြားမှ သတင်းစာရှင်းလင်းပွဲ(၆/၂၀၀၅) ထုတ်လွှင့်စဉ် ဖော်ပြပါ ရှင်းလင်းချက်များကို ကြားရကတည်းက SSA ရှက်ဆစ်အဖွဲ့ ယခုလို ရှုပ်လာခြင်းသည် ၂၀၀၅ခုနှစ် ဧပြီလ ၁၇ ရက်က ပြည်ပ အခြေစိုက် ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါ လက်တစ်ဆုပ်စာတို့ ရှမ်းပြည်နယ် ခွဲထွက်ကြောင်း မလျော်ကန်သည့် ကြေညာချက်နှင့် ဆက်စပ်နေသည်ဟု သုံးသပ်မိပါ၏။

မှန်ပါ၏။ ထိုမလျော်ကန်သော ကြေညာချက် မပေါ်ထွက်မီအထိ ရှမ်းပြည်နယ်သည် တည်ငြိမ်အေးချမ်းလျက်ရှိခဲ့၏။ သမိုင်းကြောင်းကို ပြန်ပြောင်းပြောရလျှင် လွတ်လပ်ရေးရလျှင်ရချင်း အထူးဦးစားပေးသဘောဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ ဦးသျှောင်ဖြစ်သော သမ္မတအဖြစ် ရှမ်းပြည်နယ်မှ ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်ကို ဦးဦးဖျားဖျား ရွေးကောက်တင်မြှောက်ခဲ့ကြ၏။ ယင်းသည် ပြည်ထောင်စု၏ ကျစ်လျစ်မှုကို ဖော်ပြခြင်းဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ် ပြန့်ပွားအောင် ဖြန့်ကြက်ခြင်းဖြစ်သည်။

သို့သော် ထိုစဉ်က သမ္မတသည် ဆက်၍ ပြည်ထောင်စုစိတ်ဓာတ် ပြန့်ပွားအောင် ထင်းထင်းထင် မဆောင်ရွက်နိုင်ခဲ့။ ထိုစဉ်က ဝန်ကြီးချုပ်သည်လည်းကောင်း၊ ဝန်ကြီးအဖွဲ့သည်လည်းကောင်း ပြည်ထောင်စုစိတ်ဓာတ် တဖျတ်ဖျတ်တောက်ပရေး အားမပေးနိုင်ကြခဲ့။ အဘယ်ကြောင့်နည်းဟူမူ အစိုးရအတွင်း အကွဲအပြဲများ၊ အစိုးရနှင့် အတိုက်အခံအကြား စကားများ ငြင်းခုံနေမှုများ၊ အစိုးရကို လက်နက်ကိုင်ဆန့်ကျင်မှုများ စသော များ---များ--တို့ကြောင့်ဖြစ်၏။

ယခု တပ်မတော်အစိုးရ တက်ရောက်လာပြီးသည်မှာဘက် ကာလများ ရောက်ရှိလာမှပင် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုစိတ်ဓာတ် တဖျတ်ဖျတ် ပြိုးပြက် တလက်လက် တောက်ပအောင် အားကြိုးမာန်တက် ဆောင်ရွက်ခြယ်သနိုင်ကာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့အား ငြိမ်းချမ်းရေးခေတ်သစ် တည်ဖြစ်မြင့်တက်လာအောင် ဦးဆောင်စုစည်းနိုင်ခြင်းကြောင့် ပြည်နယ်များသာမက နယ်စပ်ဒေသများ တစ်လျှောက်အထိ တည်ငြိမ်အေးချမ်းလာခဲ့၏။

ယင်းသို့ တည်ငြိမ်အေးချမ်းလာသော ကာလသမ္ပတ္တိကို ဖော်ဆောင်ပြီးနောက် တစ်ဆက်တစ်စပ်တည်း ရှမ်းပြည်နယ်၌ အထူးဖွံ့ဖြိုးရေးဒေသကြီးများအဖြစ် တောင်ကြီးဒေသ၊ ကျိုင်းတုံဒေသ၊ လားရှိုးဒေသတို့ကို ဖော်ဆောင်ကာ အလယ်၌ ကွက်လပ်အဖြစ် ကျန်ရစ်ခဲ့သော လွိုင်လင်ဒေသကိုပါ အထူးဖွံ့ဖြိုးရေးဒေသကြီးအဖြစ် ဖော်ဆောင်ပေးနိုင်ခဲ့သော ၂၀၀၀ ပြည့်လွန်သည်မှာဘက် ကာလများတွင်ကား ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့သည် ဘယ်ခေတ်၊ ဘယ်ကာလနှင့်မျှမတူ ထူးထူးခြားခြား မြင့်မြင့်မားမား နိုးကြားရှင်သန်ခဲ့လေ၏။

ဤအရပ်တို့ သီတင်းသုံးရာ လွိုင်လင်ဒေသမှာဆိုလျှင် ထူးထူးခြားခြား ဖွံ့ဖြိုးတိုးတက်ခဲ့၏။ လွတ်လပ်ရေးသန္ဓေဖြစ်သော ပြည်ထောင်စုစိတ်ဓာတ် ဖွားသန့်ရာ ပင်လုံမြေ ဂုဏ်ပြုချီးမြှောက်မှုအဖြစ် ပင်လုံတက္ကသိုလ်ကြီးကို ထီးထီးမားမား ကြွားကြွားဝင့်ဝင့် မိုးသို့လွှင့်အောင် ငွေကြေးအမြောက်အမြား အကုန်အကျခံကာ နိုင်ငံတော်အစိုးရက တည်ဆောက်ပေးထား၏။ ထို့အတူ ကွန်ပျူတာကောလိပ်၊ နည်းပညာကောလိပ်တို့ကိုလည်း တည်ဆောက်ပေးထား၏။

ထို့ပြင် ခုတင် ၂၀၀ အထွေထွေရောဂါကုဆေးရုံကြီးကို တည်ဆောက်ပေးထားသကဲ့သို့ ပြောဆိုဆက်သွယ်ရေး လွယ်ကူစေရန် ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းစခန်းကိုပါ တည်ဆောက်ပေးထား၏။

ထိုမှတစ်ပါး သွားရေးလာရေး လွယ်ကူချောမွေ့စေရန် လင်းခေး တံတားကြီး၊ လဲချားတံတားကြီးတို့ကို ငွေကြေးမြောက်မြားစွာ အကုန်အကျခံကာ ဆောက်လုပ်ပေးထားသလို ယခင်က ကားတစ်စီးတည်းပင် လျှင်လျှင်မြန်မြန် မမောင်းနှင်နိုင်သည့် အလွန်ကျဉ်းမြောင်းသော ပြည်နယ်အတွင်းရှိ ကားလမ်းများကို မျက်နှာချင်းဆိုင် ကားနှစ်စီး လွတ်လွတ်လပ်လပ် ရှောင်နိုင်သော ကားလမ်းကြီးများအဖြစ် ဖောက်လုပ်ချဲ့ထွင် ပြုပြင်ခင်းပေးထား၏။

ရှမ်းပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရက တည်ဆောက်ပေးထားခြင်းမှာ ပြည်နယ်သားတို့ ကောင်းကျိုးအတွက်၊ နိုင်ငံသားတို့ကောင်းကျိုးအတွက် ပြည်နယ်၊ တိုင်းအားလုံးအပါအဝင် ပြည်ထောင်စုကြီး တစ်ခုလုံး၏ ကောင်းကျိုးအတွက်သာဖြစ်၏။

တပ်မတော်အစိုးရသည် တိုင်းပြုပြည်ပြု တည်ဆောက်မှုအဖြာဖြာ အပြင် ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက်လည်း အဘက်ဘက်မှ အားပေးချီးမြှောက် ပံ့ထောက်စောင့်ရှောက်ခဲ့ပါ၏။

လောကဓမ္မ နှစ်ဌာနလုံးမှာ ဤသို့ဤနှယ် ဖြိုးကြွယ်မြင့်မောက်လာနေသော ယနေ့ကာလ ကောင်းကျိုး သီးပွင့်တွေ ဝေဝေဆာဆာ ပွင့်လန်းလာနေချိန်တွင် အရိပ်ခို အခက်ချိုးသူများ၊ အဝေးမှနေ၍ မီးကွင်းပစ်တင်လာသူများ၏ အနှောင့်အယှက် အဖျက်အမှောင့်အလုံးစုံကို မမိုတ်မသုန် မယိမ်းမယိုင် ကျောက်သားထုမဏ္ဍိုင်ပမာ ခိုင်ခိုင်မာမာ ညီညွတ်ခြင်းဖြင့် နိုင်ငံသားအားလုံးက ရင်ဆိုင်တုံ့ပြန်အပ်ကြ၏။

လောကဓမ္မ နှစ်ဌာနလုံးမှာ ဤသို့ဤနှယ် ဖြိုးကြွယ်မြင့်မောက်လာနေသော ယနေ့ကာလ ကောင်းကျိုး သီးပွင့်တွေ ဝေဝေဆာဆာ ပွင့်လန်းလာနေချိန်တွင် အရိပ်ခို အခက်ချိုးသူများ၊ အဝေးမှနေ၍ မီးကွင်းပစ်တင်လာသူများ၏ အနှောင့်အယှက် အဖျက်အမှောင့်အလုံးစုံကို မမိုတ်မသုန် မယိမ်းမယိုင် ကျောက်သားထုမဏ္ဍိုင်ပမာ ခိုင်ခိုင်မာမာ ညီညွတ်ခြင်းဖြင့် နိုင်ငံသားအားလုံးက ရင်ဆိုင်တုံ့ပြန်အပ်ကြ၏။

အောက်ပါတို့ကား နှလုံးသားကာရန်များပါတည်း–

- **ရှမ်းပြည်နယ်တစ်ခွင်၊ တိမ်စင်စန္ဒာ၊ ကဲ့ပမာ၊ သာယာအေးချမ်းလာနေ၏။**
- **ပြည်လုံးခွင်လည်း၊ တိမ်စင်လပမာ၊ ဝင်းပစွာ၊ သာယာအေးချမ်းလာနေ၏။**
- **ကောလိပ်တက္ကသိုလ်၊ ရုပ်ထိုထို၊ မိုမိုမောက်မောက် ထင်လာ၏။**
- **ရောဂါမျိုးစုံ၊ ကုသကုန်၊ ဆေးရုံကြီးတွေ စီနေ၏။**
- **ကားလမ်း၊ ရထားလမ်း၊ လေယာဉ်လမ်း၊ တင်းကျမ်း ပြည့်သိပ်ထွန်းလာ၏။**
- **ကျေးရွာအရောက်၊ လမ်းတွေဖောက်၊ ရောင်တောက် သွပ်အိမ်ဖွေးနေ၏။**
- **မြစ်ခြား ချောင်းခြား၊ ဖြတ်ကျော်လွှား၊ တံတားကြီးတွေ ဟီးနေ၏။**
- **စပါးစိုက်ခင်း၊ စိမ်းလန်းခြင်း၊ အကွင်းကွင်း အကွက်ကွက် မြေပြည့်၏။**
- **စိုက်ရေးပျိုးရေး၊ ရောင်းဝယ်ရေး၊ မနေးလျင်စွာ သွက်နေ၏။**
- **ကိုယ့်အားကိုယ်ကိုး၊ ကိုယ်သာကျိုး၊ ဖွံ့ဖြိုးတိုးတက်၏။**

(ဃ)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၏ ရှင်းလင်းပြောကြားချက်များနှင့် စပ်လျဉ်း၍ ဒေသခံတိုင်းရင်းသားလူငယ်များ သာသနာ့ဘောင်သို့ ဝင်ရောက်လာပုံများကို မြင်ရ၊ ကြားရသမျှ အကျဉ်းချုပ် မှတ်တမ်းတင်သင့်၏။

SSA ရှက်ဆစ် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့၏ မွေနှောက်ချက်များကြောင့် နောက်ကျိညစ်ကျုကာ ရွာများ၌မနေရဲတော့ဘဲ မြို့များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်များသို့ သာမဏေဝတ်ဖြင့်လည်းကောင်း၊ လူဝတ်ဖြင့်လည်းကောင်း ရောက်ရှိလာကြသည့် ကိုရင်၊ ကျောင်းသားများမှာ ယခု ၁၃၆၇ ခုနှစ် ဝါဦးကာလမှာ ရှေးယခင်နှစ်များထက် အလျှိုအလျှို ပိုမိုများပြားလာ၏။ ဖြစ်စဉ်မှာ သည်ရွာထဲကိုလာဆွဲသဖြင့် သည်ရွာက ဘုန်းကြီးကျောင်းမှာ ဝင်ခိုလျှင် အဆွဲမလွတ်သောကြောင့် မြို့အထိတက်ပြေးလာပြီး မြို့ကျောင်းများ၌ ခိုရ၏။ ကိုရင်ဝတ်ဖြင့် လည်းလာကြ၏။ လူဝတ်ဖြင့် လည်းလာကြ၏။ မြို့ကျောင်းရောက်မှ ကိုရင်ဝတ်ပေးရသည်လည်းရှိ၏။

မြို့ကျောင်းရှိ ဆရာတော်များက ကရုဏာရှေ့ထားလက်ခံပြီး စာမတတ်လျှင် တတ်အောင်သင်ပေးနေရ၏။ စာတတ်လျှင် စာကျွမ်းအောင်သင်ပေးနေရ၏။ ဆွမ်းရေး ကွမ်းရေး စသည့် သပ္ပာယဖြစ်အောင် ဆရာတော်ကိုယ်တိုင်က လုံ့လုံ့လလကြောင့်ကြောင့်ကြကြ ဆောင်ရွက်ပေးနေရ၏။ ထိုတိုင်းရင်းသားကလေးသူငယ်များ အမှောင်ထဲရောက်မသွားအောင် ကာကွယ်ရာ၌ ဆရာတော်များ၏ အခန်းကဏ္ဍ ဖြစ်ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာလုံခြုံရေး တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆရာတော်များ၏ တာဝန်သိမှုများကြောင့် နောက်ကျုနေသော ရေသည် ခဏတာအတွင်း ပြန်လည်ကြည်လင်လာမည်သာ ဧကန်ဖြစ်၏။

သတင်းစာရှင်းလင်းပွဲ(၆/၂၀၀၅)၌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးက ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဤသို့ ပြောကြား၏။

"နိုင်ငံတော်အစိုးရအနေနဲ့ကတော့ နိုင်ငံတော်အတွင်းမှာရှိတဲ့ တိုင်းနဲ့ပြည်နယ်အားလုံးမှာ တည်ငြိမ် အေးချမ်းဖို့၊ တရားဥပဒေစိုးမိုးဖို့၊ ဥမကွဲ သိုက်မပျက် စည်းစည်းလုံးလုံး နေထိုင်နိုင်ဖို့အတွက် အစီအမံရှိရှိနဲ့ လုပ်ကိုင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"

(င)

ဤမျှဖြင့် ဤဆောင်းပါး(၄)ကို နားတန့်ပါမည်။ နိဂမကထာအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ တိုက်တွန်းလွှာကို မှတ်တမ်းတင်ပါသတည်း။

"အကြမ်းဖက် အဖျက်သမားများနဲ့ ၎င်းတို့အဆက်အနွယ်များရဲ့ သတင်းများ၊ လှုပ်ရှားမှုများကိုလည်း အမြဲသတိပြု စောင့်ကြည့်သတင်းပေးပို့ကြပါ"။ ။

☆ ကျောဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး စပါးအထွက်နှုန်း တိုးရေးအတွက် နည်းလမ်းလေးသွယ်ဖြင့် စိုက်ပျိုးကြရန်၊ ယခုထက်ပိုမိုတိုးချဲ့ စိုက်ပျိုးကြရန်နှင့် တစ်မိုးနှစ်သီး စိုက်ပျိုးကြရန် တိုက်တွန်းမှာကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းမှတစ်ဆင့် ရန်ကုန်-စစ်တွေ ကားလမ်းပေါ်ရှိ တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၁၀)၏ သရက်တပင် တံတားတည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်က တံတားဆိုင်ရာ အချက်အလက်များနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားကာ တံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အဆိုပါ သရက်တပင်တံတားသည် အရှည်ပေ ၁၆၀၊ အကျယ်ပေ ၃၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီ ပါရှိပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ် တံတားဖြစ်သည်။ ခွင့်ပြုယာဉ် အလေးချိန် တန် ၆၀၊ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ် ၄၈ ပေနှင့် အမြင့် ၁၁ ပေ ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောက်တော်မြို့ မဟာမုနိဘုရားကြီးသို့ သွားရောက်၍ မဟာမုနိ ရုပ်ပွားတော်မြတ်အား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်နှင့် သစ်သီးများ ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုသည်။

ရွှေသင်္ကန်းဆက်ကပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် မဟာမုနိ ရုပ်ပွားတော်မြတ်အား ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် မဟာမုနိ သိရီပဝရ သကျမာရဇိန် ရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီး၊ ရေချမ်းနှင့် သစ်သီးများ ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ဘုရားကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းအေးသာက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဂန္ဓကုဋိတိုက်ကို လက်ယာရစ် တစ်ပတ် လှည့်လည်ကြည်ညိုကြပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ဦးတော်ဆေးကန်အတွင်း ဇီဝိတဒါန အဖြစ် ငါးများလွှတ်ပေးကြပြီး ငါးစာကျွေး လှူဒါန်းကြသည်။

ရော်ဘာပျိုးထောင်မှုရှင်းလင်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မြောက်ဦးမြို့ရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ရော်ဘာပျိုးခင်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ရုံးချုပ်မှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ခင်ဌေးသန်းက မြောက်ဦးမြို့နယ် မန်နေဂျာရုံးဖွင့်လှစ်၍ မြောက်ဦး၊မင်းပြားနှင့် မြေပုံမြို့နယ်များ၌ နှစ်ရှည်သီးပင်များ တိုးချဲ့စိုက်ပျိုးရေး တိုးတက်မြန်ဆန်လာစေရန် ဆောင်ရွက်မှုအစီအစဉ်၊ ရော်ဘာမျိုးသန့်စေ့ ၁၄၀၀၀၀ ကို အစေ့ဖောက် ပျိုးထောင်ထားပြီး ရော်ဘာပျိုးပင် ၆၇၀၀၀ စိုက်ပျိုးမှု အခြေအနေနှင့် ဆက်လက်တိုးချဲ့ ပျိုးထောင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ မြန်မာ့နှစ်ရှည်ပင် လုပ်ငန်း အထွေထွေမန်နေဂျာ ဦးတင်ဌေးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရော်ဘာအစေး အထွက်ကောင်းသည့် မျိုးသန့်စေ့များကို တိုးချဲ့ပျိုးထောင်ထားရှိရန်နှင့် ကိုင်းပွားခင်းထူထောင်ရန် မှာကြားပြီး ရော်ဘာပျိုးခင်းနှင့် ငရုတ်ကောင်းပျိုးရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ကျောက်တော်မြို့ မဟာမုနိ ရုပ်ပွားတော်မြတ်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းအေးသာ အား ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

၂၀၀၆-၂၀၀၇ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ မိုးစပါးဧက ၁၂ သိန်းထိ တိုးတက်စိုက်ပျိုးရန် ပြင်ဆင် ပြည်တွင်း၊ ပြည်ပ၌ ဈေးကောင်းရ၍ တစ်ဦးချင်းဝင်ငွေ တိုးတက်နိုင်မည့် ရော်ဘာကို တိုးချဲ့စိုက်ပျိုး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း မြောက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်ဆန်စက် ပိုင်ရှင်များအသင်းမှ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲတွင် မြောက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့နယ်ဆန်စက်ပိုင်ရှင်များအသင်းမှ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ရှေးဦးစွာ မြောက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်နိုင်ဦးက မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် မိုးစပါး စိုက်ပျိုးပြီးစီးမှု၊ အဓိကသီးနှံ ၁၀ မျိုး၊ အမယ်သစ်သီးနှံ သုံးမျိုးနှင့် နှစ်ရှည်သီးနှံ သုံးမျိုး စိုက်ပျိုးထားရှိမှုများကို ရှင်းလင်းတင်ပြရာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ မြောက်ဦးမြို့နယ်၏ ပညာရေး၊ ကျန်းမာရေးကဏ္ဍများမှာ တိုးတက်ကောင်းမွန်လျက်ရှိရာ ယင်းအခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းရန် လိုအပ်ကြောင်း၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် မိုးစပါးကို လျာထားချက်ကျော်လွန်အောင် စိုက်ပျိုးထားပြီး ဆန်ဖူလုံမှုမှာ ၂၂၇ ရာခိုင်နှုန်းရှိသည့် မြို့နယ်ဖြစ်ရာ စားသုံးသူ ဒေသခံပြည်သူများ သက်သာသည့် ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်တို့က ဒေသခံများနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

၂၀၀၆-၂၀၀၇ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ မိုးစပါးကို ဧက ၁၂ သိန်းအထိ တိုးတက်စိုက်ပျိုးနိုင်ရန် ပြည်နယ်အဆင့်တွင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေပြီဖြစ်ရာ မြောက်ဦးမြို့နယ်အနေဖြင့်လည်း ကြိုတင်ပြင်ဆင်၍ စီမံဆောင်ရွက်ထားရန်လိုကြောင်း။

တိုးချဲ့စိုက်ပျိုး

နိုင်ငံတော်က သတ်မှတ်ပေးထားသည့် အဓိကသီးနှံ ၁၀ မျိုး၊ နှစ်ရှည်သီးနှံ သုံးမျိုး၊ အမယ်သစ်သီးနှံ သုံးမျိုးတို့အနက် ဒေသနှင့်ကိုက်ညီသည့် သီးနှံပင်များကို တိုးချဲ့စိုက်ပျိုးရန် လိုအပ်ကြောင်း။

အထူးသဖြင့် ရော်ဘာကို တိုးချဲ့စိုက်ပျိုးရန် တိုက်တွန်းလိုကြောင်း၊ ရော်ဘာသည် ပြည်တွင်း၊ ပြည်ပ၌ ဈေးကောင်းရ၍ တစ်ဦးချင်းဝင်ငွေ တိုးတက်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းကောင်းများလည်း ပေါ်ပေါက်လာမည်ဖြစ်ကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အလားတူပင် ငရုတ်ကောင်းကိုလည်း တစ်နိုင်ငံလုံး၌ အများဆုံးစိုက်ပျိုးသော ပြည်နယ်ဖြစ်စေရန် ရည်မှန်း၍ သတ်မှတ်လျာထားချက်များနှင့်အညီ တိုးတက်စိုက်ပျိုးရန် လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်း ယခုထက်ပိုမို တိုးချဲ့ဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ မြို့နယ်၏ ဂျီဒီပီများ တိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ပေးထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ရှိသူ ဌာနဆိုင်ရာများသည် အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ကြရန်နှင့် မြောက်ဦးမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပရေးအတွက်လည်း ဒေသခံများနှင့်အတူ လက်တွဲပြီး တက်ညီလက်ညီ ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

၂၀၀၅-၂၀၀၆ ခုနှစ်အတွက် မြောက်ဦးမြို့နယ်အနေဖြင့် မိုးစပါးစိုက်ပျိုးပြီးစီးမှု ဧက ၁၃၀၄၁၀၊ အမယ်သစ်သီးနှံဖြစ်သည့် ငရုတ်ကောင်းကို လျာထားဧက ၃၀၀တွင် စိုက်ပျိုးပြီး ဧက ၁၀၀၊ နှစ်ရှည်သီးနှံဖြစ်သည့် ရော်ဘာကို လျာထားဧက ၅၁၀ တွင် ၁၇ ဧက စိုက်ပျိုးထားရှိပြီး လျာထားချက် ပြည့်မီရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ညနေ ၄ နာရီတွင် မြောက်ဦးမြို့ရှိ သျှစ်သောင်းပုထိုးတော်ကြီးအား သွားရောက်ဖူးမြော်ကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အလှူငွေများကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ဖြူအား ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ကိုးသောင်းပုထိုးတော်ကြီးသို့ သွားရောက်ဖူးမြော်ကြရာ ရှေးဦးစွာ ရှေးဟောင်းသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်ဆွေက ပုထိုးတော်ကြီး၏ ပစ္စယာများ ဖော်ထုတ်ပြီးစီးမှု အခြေအနေနှင့် ပုထိုးတော်ကြီး ပြုပြင်မွမ်းမံဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းကပ်လှူ၍ ဖူးမြော်ကြည်ညိုပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် စေတီရံ တစ်ဆူစီအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်ဆွေက လက်ခံယူသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

တောင်ကြီး(အေးသာယာ)စက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့် မန္တလေးစက်မှုဇုန် သုံးဇုန်၌ စက်ပစ္စည်းအစိတ်အပိုင်းများနှင့် သံထည်ပစ္စည်းများကို စတင်ထုတ်လုပ်နေ

✪ ရှေ့ဖုံးမှ

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ပြင်သာရွာအနီးရှိ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၏ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ (တီကျစ်)သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား စက်ရုံရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က စက်ရုံတည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ စက်ရုံတည်နေရာနှင့် စက်ရုံစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မည့် စက်အမျိုးအစား၊ ရင်းနှီးမြှုပ်နှံမှု၊ ရေရရှိရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှု အစီအစဉ်၊ ကျောက်မီးသွေးရရှိမှု၊ သုံးစွဲမှု၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု အခြေအနေနှင့် လုပ်ငန်းဆိုင်ရာအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထိန်းချုပ်ခန်းနှင့် တာဘိုင်စက်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဖြည့်ဆည်းပေးရန်

အဆိုပါ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ(တီကျစ်)ကို နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲမှုကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် တီကျစ်ဒေသမှ ထွက်ရှိသော ကျောက်မီးသွေးကိုအခြေခံ၍ အကျိုးရှိစွာအသုံးချနိုင်ရန်ရည်ရွယ်ကာ ပင်လောင်းမြို့နယ် ပြင်သာရွာအနီး မြေ ၁၀၅ ဒသမ ၁၆ ဧကပေါ်၌ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက မဂ္ဂါဝပ် ၁၂၀ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။

နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် တောင်ကြီးမြို့(အေးသာယာ) စက်မှုဇုန်သို့ ရောက်ရှိရာ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား တောင်ကြီး(အေးသာယာ)စက်မှုဇုန် တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက သံရည်ကျိုစက်ရုံ တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များကို ပဏာမရှင်းလင်းတင်ပြပြီး သံရည်ကျိုစက်ရုံ၏ Machine Shop အလုပ်ရုံမှာ ရာနှုန်းပြည့်တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း၊ အလုပ်ရုံ၌ တပ်ဆင်ရမည့် စက်အလုံးရေ ၃၀ အနက် ရောက်ရှိပြီး စက်အလုံးရေ ၂၆လုံးမှ အလုံး ၂၀ ကို တပ်ဆင်ပြီး စက်စမ်းသပ်လည်ပတ်နေပြီဖြစ်ကြောင်း၊ Machine Shop အလုပ်ရုံ၌ စက်များအားလုံး၏ ၈၀ ရာခိုင်နှုန်းဖြင့် ပြင်ပအပ်ထည်များကို



ဆက်လက်၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးတင်အောင်က လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု နည်းစဉ်အဆင့်ဆင့်ကို လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေးအတွက် အကာအကွယ်ပေးသည့် စနစ်များ စက်ရုံ၌ ထည့်သွင်းတပ်ဆင် တည်ဆောက်ခဲ့မှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို ထပ်မံမေးမြန်းပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ(တီကျစ်)၏ ကွန်ပျူတာစနစ်သုံး လျှပ်စစ်ဓာတ်အား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ပြင်သာရွာအနီးရှိ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ(တီကျစ်) လျှပ်စစ်ဓာတ်အားထိန်းချုပ်ခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေး

နိုင်နင်းစွာ စက်ခုတ်စားနေပြီး ကျန်စက်လေးလုံးတပ်ဆင်ပြီးစီးပါက ရာနှုန်းပြည့် စီးပွားဖြစ် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက Forging Shopအလုပ်ရုံ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို တင်ပြရာတွင် အလုပ်ရုံ အဆောက်အအုံနှင့် စက်များတပ်ဆင်ရန် အထိုင်လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း၊ တပ်ဆင်ရမည့် စက်အရေအတွက် ၂၇လုံး တပ်ဆင်ပြီးဖြစ်ကြောင်း၊ လျှပ်စစ်သွယ်တန်းခြင်းလုပ်ငန်း ၇၀ရာခိုင်နှုန်း ပြီးစီးနေပြီး ပုံထောင်းခြင်းလုပ်ငန်းများကို လျှပ်စစ်သွယ်တန်းခြင်း လုပ်ငန်းပြီးစီးပါက စက်စတင်လည်ပတ်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက Foundry Shopအလုပ်ရုံနှင့် စပ်လျဉ်း၍ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြရာတွင် အလုပ်ရုံ အဆောက်အအုံနှင့် စက်များ တပ်ဆင်ရန် အထိုင်လုပ်ငန်း ရာနှုန်းပြည့်

နိုင်ငံတော်က စက်...
စက်မှုလုပ်ငန်းရှင်မ...

ပြီးစီးနေပြီဖြစ်ကြောင်း၊ စက်အရေအတွက် ၁၁၁မ...
အနက် ၁၀၈မျိုး တပ်ဆင်ပြီးစီးကာ သံရည်ကျိုပုံလေ...
စတင်ဆောင်ရွက်လျက်ရှိပြီဖြစ်ကြောင်း၊ တစ်ရက်လျှ...
သံရည်ကျိုလျက်ရှိပြီး Brake Drumနှင့် Flywheel ...
ရှိပြီဖြစ်ကြောင်း၊ စက်စမ်းသပ်လည်ပတ်လျက်လည်း ရှိ...
တင်ပြပြီး သံရည်ကျိုစက်ရုံစီမံကိန်းအတွက် လျှပ်စစ်မီး...
ဆောင်ရွက်ပြီးစီးမှုနှင့် ရေလှောင်ဆည် တည်ဆောက်ခြ...
ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က တေ...
စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်ကြီး...
အဝင် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများအလိုက် လုပ်ငန်...
ဆောင်ရွက်နေမှုအခြေအနေတို့ကို ဖြည့်စွက်ရှင်းလ...

ဆွေးနွေးမှာကြား

ယင်းနောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်...
မှာကြားရာတွင် မိမိတောင်ကြီး(အေးသာယာ)စက်...
ရောက်ခဲ့ပြီး တစ်ကြိမ်နှင့်တစ်ကြိမ် အသွင်သဏ္ဍ...
တိုးတက်မှုများ ရှိလာသည်ကို မျက်မြင်အနေအ...
ကြောင်း။

ယနေ့ဆိုလျှင် နိုင်ငံတော်၌ ဖွဲ့စည်းထူထောင်...
စက်မှုဇုန်များအနက် တောင်ကြီး(အေးသာယာ)စက်...

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး...
ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား လျှပ်စစ်...
ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ကျောက်မီးသွေးသုံး ...
စက်ရုံ(တီကျစ်) တည်ဆောက်မှုနှင့် လျှပ်စစ်ဓ...
အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစ...

ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ(တီကျစ်)

- ❍ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ(တီကျစ်)ကို နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲမှုကို ဖြည့်ဆည်းပေးနိုင်ရန် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် တီကျစ်ဒေသမှ ထွက်ရှိသော ကျောက်မီးသွေးကိုအခြေခံ၍ အကျိုးရှိစွာ အသုံးချနိုင်ရန် ရည်ရွယ်၊
- ❍ ပင်လောင်းမြို့နယ် ပြင်သာရွာအနီး မြေ ၁၀၅ ဒသမ ၁၆ ဧကပေါ်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက မဂ္ဂါဝပ် ၁၂၀ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်ရန် တည်ဆောက်ခဲ့။

တွေ့ဆုံ ဆွေးနွေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တောင်ကြီးမြို့ (အေးသာယာ) စက်မှုဇုန်တွင် စက်မှုဇုန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်က စက်မှုကဏ္ဍတိုးတက်ရေး အားပေးပံ့ပိုးမှုနှင့်အတူ မူဝါဒနှင့် မျှော်မှန်းချက်များ ပေးထား စက်မှုလုပ်ငန်းရှင်များအနေဖြင့် အချင်းချင်းပူးပေါင်းမှု၊ အားပေးမှု၊ ကူညီမှုများဖြင့် ဝိုင်းဝန်းကြိုးပမ်း

ပြီးစီးနေပြီဖြစ်ကြောင်း၊ စက်အရေအတွက် ၁၁၁မျိုး တပ်ဆင်ရန်ရှိသည့်အနက် ၁၀၈မျိုး တပ်ဆင်ပြီးစီးကာ သံရည်ကျိုပုံလောင်းခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိပြီဖြစ်ကြောင်း၊ တစ်ရက်လျှင် ၁ ဒသမ ၅တန်နှုန်း သံရည်ကျိုလျက်ရှိပြီး Brake Drumနှင့် Flywheel များ သွန်းလောင်းလျက်ရှိပြီဖြစ်ကြောင်း၊ စက်စမ်းသပ်လည်ပတ်လျက်လည်း ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး သံရည်ကျိုစက်ရုံစီမံကိန်းအတွက် လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရေလှောင်ဆည် တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က တောင်ကြီး(အေးသာယာ) စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီအပါအဝင် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများအလိုက် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှုအခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ယင်းနောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင် မိမိတောင်ကြီး(အေးသာယာ)စက်မှုဇုန်သို့ အကြိမ်ကြိမ်ရောက်ခဲ့ပြီး တစ်ကြိမ်နှင့်တစ်ကြိမ် အသွင်သဏ္ဍာန်အားဖြင့် ထူးခြားတိုးတက်မှုများ ရှိလာသည်ကို မျက်မြင်အနေအထားများအရ တွေ့ရှိရကြောင်း။

ယနေ့ဆိုလျှင် နိုင်ငံတော်၌ ဖွဲ့စည်းထူထောင်ပေးထားသည့် ပုဂ္ဂလိကစက်မှုဇုန်များအနက် တောင်ကြီး(အေးသာယာ)စက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့် မန္တလေးစက်မှုဇုန် သုံးဇုန်၌ ခေတ်မီ Foundry Shop, Press Shop, Forging Shop, Machine Shop နှင့် Heat Treatment Shop တို့ကို ထူထောင်ပေးထားပြီး စက်ပစ္စည်းအစိတ်အပိုင်းများနှင့် သံထည်ပစ္စည်းများကို စတင်ထုတ်လုပ်နေပြီဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ(တီကျစ်) တည်ဆောက်မှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တိုးတက်ဖြစ်ထွန်း

ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ထွန်းရေးအတွက် စက်မှုကဏ္ဍမြင့်မားတိုးတက်ရေးသည် အဓိကဖြစ်သည်နှင့်အညီ နိုင်ငံတော်ပိုင် စက်မှုလုပ်ငန်းများနှင့် ပုဂ္ဂလိကပိုင်စက်မှုလုပ်ငန်းများ အဆင့်အတန်း တိုးတက်မြင့်မားလာအောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြန့်ကျဲနေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို စုစည်းပြီး ဒေသအလိုက် စက်မှုဇုန်များအဖြစ် တည်ထောင်ပေးခဲ့ရာ ယခင်က ပန်းပဲဖိုသာသာရှိသည့် အိမ်တွင်းစက်မှုလုပ်ငန်းများအဆင့်မှ ယနေ့ဆိုလျှင် စက်မှုကုန်ထုတ်နည်းပညာများရော၊ အရည်အသွေးများပါ တစ်စတစ်စတိုးတက်ဖြစ်ထွန်းလျက်ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ အားပေးအားမြှောက်ပြုမှုကြောင့် တီထွင်ကြံဆမှုအပိုင်းတွင်လည်း တိုးတက်လျက်ရှိနေကြောင်း။

စီမံဆောင်ရွက်

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရင်းအနှီးနှင့် အတတ်ပညာရှင်များ ပြည့်စုံမှုရှိရန်လည်း လိုအပ်ကြောင်း၊ လိုအပ်သည့် အရင်းအနှီး ရရှိရေးအတွက် လယ်ယာ၊ သားငါး၊ သတ္တု၊ သစ်တောနှင့် စွမ်းအင်ကဏ္ဍများမှ ဝင်ငွေတိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ရင်း အရည်အသွေးပြည့်ဝသည့် အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ရရှိရေးအတွက်ကိုလည်း ပညာရေးကဏ္ဍက အစီအစဉ်များချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ်ဖက်ကလည်း ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်လာနိုင်အောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

လမ်းညွှန်ချက်ပေးထား

နိုင်ငံတော်အကြီးအကဲက စက်မှုထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် **"လက်ရာလက်သား ကောင်းမွန်ရမည်၊ သုံးစွဲသည့်သံနှင့် သတ္တုအရည်အသွေး မှန်ကန်ရမည်၊ သပ်ရပ်သေချာတိကျမှုရှိ ရမည်၊ တီထွင်ကြံဆဆန်းသစ်နေရမည်၊ အမြဲခေတ်မီနေရမည်"** ဆိုသည့် လမ်းညွှန်မှုများကို ချမှတ်ပေးထားခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်မှာ စက်မှုကဏ္ဍခေတ်မီဖွံ့ဖြိုး တိုးတက်ပြီး ပြည်ပဈေးကွက်ဝင် အရည်အသွေးအဆင့်အတန်းမြင့်မားသည့် ခေတ်မီစက်မှုကုန်ထုတ်ပစ္စည်းများ ထုတ်လုပ်နိုင်သည့်အဆင့်အထိ မျှော်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်သွားကြရန် လမ်းညွှန်ချက်ပေးထားခြင်းဖြစ်ကြောင်း။

နိုင်ငံတော်က စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီပံ့ပိုးမှုများနှင့်အတူ မူဝါဒနှင့် မျှော်မှန်းချက်များပေးထားပြီးဖြစ်၍ စက်မှုလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ တစ်ဦးချင်း၊ စက်ရုံတစ်ရုံချင်းအနေဖြင့်သော်လည်းကောင်း၊ စက်မှုလုပ်ငန်းတူ အမျိုးအစားတူ အချင်းချင်းအနေဖြင့်သော်လည်းကောင်း၊ စက်မှုဇုန်အချင်းချင်းအနေဖြင့်သော်လည်းကောင်း ပူးပေါင်းမှု၊ အားပေးမှု၊ ရိုင်းပင်းကူညီမှုများဖြင့် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်း သွားကြရေးမှာကြားသည်။

မှာကြား

ထို့နောက် အတွင်းရေးမှူး(၁)သည် ခင်းကျင်းပြသထားသည့် တောင်ကြီး(အေးသာယာ)စက်မှုဇုန်မှ ထုတ်လုပ်သည့် သိန်းမင်း သဘာဝမြေသြဇာနှင့် ရွက်ဖျန်းမြေသြဇာများ၊ နေကြာပွင့် ဓာတ်မြေသြဇာများ၊ ပန်းသီး ဓာတ်မြေသြဇာများ၊ ပဒုမ္မာကွန်ပေါင်းဓာတ်မြေသြဇာများကို လည်းကောင်း၊ လယ်ယာသုံး စက်ကိရိယာပစ္စည်းများ ထုတ်လုပ်ရေးပြခန်းရှိ သစ်ဆိမ့်သီး အခွံချွတ်စက်၊ သစ်ဆိမ့်သီး အဆံထုတ်စက်၊ တောင်ပေါ်သူ စပါးရိတ်စက်၊ တောင်ပေါ်ကွဲ လက်တွန်းထွန်စက်၊ တောင်ပေါ်သား စပါးခြွေလှေ့စက်တို့ကိုလည်းကောင်း၊ ရှမ်းစတား တံခါးလေးပေါက်ဂျစ်၊ ၁၀တန်အထက် ကုန်တင်ယာဉ်ကြီးများ၊ Double Cab နှစ်ခန်းတွဲယာဉ်များ၊ ရှမ်းစတား ပစ်ကပ်မော်တော်ယာဉ်များ၊ မော်တော်ယာဉ်သုံး အပိုပစ္စည်း အစိတ်အပိုင်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Machine Shop သို့ သွားရောက်၍ အလုပ်ရုံက ထုတ်လုပ်ထားသည့် VAN Brake Drum အကြီး၊ အသေးများနှင့် စက်ခုတ်စားခြင်းလုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို အသေးစိတ် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Foundry Shop ၌ ပုံဖိပုံထောင်း သံရည်သွန်းလောင်းနေမှုနှင့် Foundry Shop၏ Mould Box Line များကို လည်းကောင်း၊ သံရည်သွန်းလောင်းပြီး သံထည်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြပြီး အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

တောင်ကြီး(အေးသာယာ) စက်မှုဇုန်သည် တောင်ကြီးမြို့၏ အနောက်တောင်ဘက် အေးသာယာမြို့သစ်၏ တောင်ဘက်တစ်မိုင်ခွဲအကွာ အေးသာယာမြို့သစ်နှင့် ရွှေညောင်မြို့သွားကားလမ်းမကြီးဘေး၌ တည်ရှိသည်။

အဆိုပါ အေးသာယာစက်မှုဇုန်မှာ မြေ ၂၈၅ဧကပေါ်၌ မြေကွက်ပေါင်း ၃၇၂ကွက်ဖော်ထုတ်ပြီး စားသောက်ကုန်လုပ်ငန်း၊ နေအိမ်သုံး ပစ္စည်းများလုပ်ငန်း၊ လူသုံးပစ္စည်းလုပ်ငန်း၊ ကုန်ကြမ်းပစ္စည်းလုပ်ငန်းနှင့် အထွေထွေ စက်မှုလုပ်ငန်းများ လုပ်ကိုင်သည့် လုပ်ငန်းရှင် ၉၈၂ဦးတို့အား နေရာချထားပြီး ဖြစ်သည်။

တောင်ကြီး(အေးသာယာ) စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ကုန်ပစ္စည်းများ ကဏ္ဍအလိုက်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▲





နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကယားပြည်နယ် လွိုင်ကော်မြို့ ငွေတောင်ရိပ်သာ၌ ကယားပြည်နယ် အထူးဒေသ(၂)ဒုတိယဥက္ကဋ္ဌ ဦးထွန်းကျော်နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

တက္ကသိုလ်ကြီးများသည် အသွင်သဏ္ဌာန်ရော အနှစ်သာရပါပြည့်ဝသည့် ပညာသင်ဌာနကြီးများဖြစ်အောင် ဆည်းပူးလေ့လာသင်ကြားပေး

▲ စာမျက်နှာ ၉ မှ

လျာထားချက်ပြည့်မီအောင် တွန်းအားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ လုပ်ငန်းသစ် အမယ်သစ်များ ပေါ်ထွက်လာစေရန်လည်း နည်းပညာပေး ဆောင်ရွက်လျက်ရှိသည်။ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းတူများကို ပေါင်းစည်းလျက် မော်တော်ယာဉ်ထုတ်လုပ်ရေး လုပ်ငန်းကော်မတီ၊ လယ်ယာသုံးစက်ကိရိယာ ပစ္စည်းထုတ်လုပ်ရေးကော်မတီနှင့် အခြားစက်မှုလုပ်ငန်းများ ထုတ်လုပ်ရေး ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

တောင်ကြီး(အေးသာယာ)စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးကြပ်မှု ကော်မတီက လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ မြေကွက် ၂၆၂ ကွက် ထပ်မံဖော်ထုတ်ပြီး စက်မှုလုပ်ငန်းရှင်များအား ထပ်မံနေရာချပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိ မြေကွက် ၃၇၂၈ကွက် အပါအဝင် မြေကွက်ပေါင်း ၆၃၅၀ရှိလာမည်ဖြစ်သည်။ တိုးချဲ့စက်မှုဇုန်အတွက် လျှပ်စစ်မီးအသုံးပြုရန် (500 KV) ထရန်စဖော်မာတစ်လုံး ထပ်မံတပ်ဆင်ရန် စီစဉ်ထားပြီးဖြစ်ရာ တောင်ကြီး (အေးသာယာ)စက်မှုဇုန်၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယခင်ကထက် နှစ်ဆကျော် ပိုမိုတိုးတက်လာမည် ဖြစ်ကြောင်းသိရသည်။

အစိုးရနည်းပညာကောလိပ်

ယင်းမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့ရှိ အစိုးရနည်းပညာကောလိပ်(အေးသာယာ) သို့ရောက်ရှိကြရာ ကျောင်းအုပ် ဒေါက်တာသီသီမိုးနှင့် ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ရာနှုန်းပြည့် တည်ဆောက်ပြီးစီးနေပြီဖြစ်သည့် အစိုးရနည်းပညာကောလိပ်(အေးသာယာ)ပင်မ သုံးထပ်ဆောင် အဆောက်အအုံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် ကျောင်းအုပ်နှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် တောင်ကြီးမြို့မှ ကယားပြည်နယ် လွိုင်ကော်မြို့သို့ ရောက်ရှိကြရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး လှမြင့်ရွှေနှင့် အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ များက လွိုင်ကော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

လွိုင်ကော်တက္ကသိုလ်

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လွိုင်ကော်တက္ကသိုလ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ လွိုင်ကော်တက္ကသိုလ်ပါမောက္ခချုပ်ဦးစိန်ဦးနှင့် ပါမောက္ခ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြ သရုပ်ပြများနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လွိုင်ကော်တက္ကသိုလ် ပင်မဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ လွိုင်ကော် တက္ကသိုလ်ပါမောက္ခချုပ် ဦးစိန်ဦးက လွိုင်ကော်တက္ကသိုလ်၏သမိုင်း၊ သင်ကြားပို့ချလျက်ရှိသော အထူးပြုဘာသာရပ်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဦးရေ၊ ပညာသင်နှစ်အလိုက် ဆောင်ရွက်သည့် သုတေသနလုပ်ငန်းများအပါအဝင် သင်ကြားစီမံကိန်းရပ်များကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် အတွင်းရေးမှူး(၁)က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားရာတွင် ကယားပြည်နယ် လွိုင်ကော်မြို့၌ လွိုင်ကော်တက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများ မကြာမီရာနှုန်းပြည့်ပြီးစီးပြီး လွိုင်ကော်မြို့၏ကျက်သရေဆောင် ခံ့ညားထည်ဝါလှသည့် တက္ကသိုလ်ကြီးအဖြစ် ပေါ်ပေါက်လာတော့မှာဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရကပညာရေးကဏ္ဍတွင် နိုင်ငံတကာ အဆင့်မီ ပညာရည်မြင့်မားရေးအတွက် အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာတက္ကသိုလ်ကြီးများ၏ ပညာရေးကဏ္ဍကိုလေ့လာပြီး လိုအပ်သည့်သင်ရိုးညွှန်းတမ်းများရေးဆွဲခြင်း၊ ဆရာ ဆရာမများ၏ အရည်အသွေးမြင့်မားရေးနှင့် ခေတ်မီ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဆည်းပူးလေ့လာ

အခြေခံပညာကဏ္ဍသည် အသိပညာပေးသည့် အဆင့်ဖြစ်ပြီး အဆင့်မြင့်ပညာကဏ္ဍသည် အတတ်ပညာပေးသည့် အဆင့်ဖြစ်၍ အဆင့်မြင့် ပညာရပ်များ သင်ကြားပြီးဆုံးပါက လုပ်ငန်းခွင်များသို့ဝင်ရောက်ကြရမှာဖြစ်ကြောင်း၊ အဆိုပါ ကျောင်းသား၊ ကျောင်းသူများအား လုပ်ငန်းခွင်အတွင်း အရည်အသွေး ပြည့်မီစွာဝင်ရောက်နိုင်အောင် သင်ကြားပေးကြရမှာဖြစ်ကြောင်း၊ တက္ကသိုလ်ကြီးများသည် အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါပြည့်ဝသည့် ပညာသင်ဌာနကြီးများ ဖြစ်အောင် ဆည်းပူးလေ့လာ သင်ကြားပေးကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ လူ့စွမ်းအား အရင်းအမြစ်များဖြစ်သည့် အသိပညာရှင် အတတ်ပညာရှင်များ လိုအပ်ပါကြောင်း၊ အသိပညာရှင် အတတ်ပညာရှင်များ၏ စွမ်းအားဖြင့် နိုင်ငံတော်ကြီးကို ခေတ်မီ ဖွံ့ဖြိုးအောင် တည်ဆောက်နိုင်ကြမှာဖြစ်ကြောင်း၊ ထိုနည်းတူ ပြည်သူအများလိုလားတောင့်တနေသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး တည်ဆောက်ရေးနှင့် ခိုင်ခိုင်မာမာ ဆက်လက်တိုးတက် ဖြစ်ထွန်းရေးအတွက် အမှားနှင့်အမှန်၊ အဆိုးနှင့် အကောင်း ဝေဖန် ဆန်းစစ်ပိုင်းခြားနိုင်သည့် အသိပညာဗဟုသုတ ကြွယ်ဝသူများ ဖြစ်ရန်လည်း လိုအပ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်ကြီးကို ပညာတတ်များ ပေါကြွယ်ဝသည့် နိုင်ငံ (Educated Nation)ဖြစ်အောင် တည်ဆောက်ရာတွင် တာဝန်ယူထားကြရသည့် ဆရာ ဆရာမများ၏တာဝန်မှာ ကြီးမားလှပါကြောင်း၊ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

လေ့လာကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ အစိုးရနည်းပညာကောလိပ် တည်ဆောက်နိုင်မည့် မြေနေရာကို နေစက်လစက်ဘုရားကုန်းတော်ပေါ်မှ လေ့လာကြည့်ရှုသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နေစက်လစက်ဘုရားကုန်းတော်အနီး ပန်ကန်ရပ်အနီးရှိ မြေနေရာကို လည်းကောင်း၊ မိုင်းလုံရပ်အနီးရှိ မြေနေရာကိုလည်းကောင်း၊ လွယ်ထွဲကျေးရွာအနီး မြေနေရာကိုလည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ အစိုးရကွန်ပျူတာကောလိပ်သို့ရောက်ရှိကြရာ ကျောင်းအုပ် ဒေါက်တာအေးသီတာနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)ကလိုအပ်သည်များကို မှာကြားပြီး လွိုင်ကော် အစိုးရ ကွန်ပျူတာကောလိပ်ပင်မဆောင် တည်ဆောက်မည့် လက်ရှိအစိုးရ ကွန်ပျူတာကောလိပ်နှင့်တစ်ဆက်တစ်စပ်တည်းရှိသည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ခုတင် ၂၀၀ဆံ့ဆေးရုံ

ယင်းမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ ခုတင်၂၀၀ဆံ့ ပြည်နယ် ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမင်းနွယ်စိုး၊ ဆေးရုံအုပ်ကြီး ဦးမင်းကို၊ အထူးကုသမားတော်ကြီးများ၊ ဆရာဝန်၊ ဆရာမများ၊ သူနာပြုအုပ်၊ သူနာပြုဆရာမကြီးများ၊ သူနာပြုများနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးဆေးကုသဆောင်၊ အထူးကြပ်မတ် ဆေးကုသဆောင်၊ ခွဲစိတ်ခန်း၊ အမျိုးသားဆေးကုသဆောင်၊ ကလေးဆေးကုသဆောင်၊ ဓာတ်မှန်ဆောင်နှင့် ဓာတ်ခွဲခန်းတို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်တင်ဘာ ၁၀ ရက် ည ၇နာရီတွင် ကယားပြည်နယ် လွိုင်ကော်မြို့ ငွေတောင်ရိပ်သာ၌ ကယားပြည်နယ် အထူးဒေသ(၂)မှ ဒုတိယဥက္ကဋ္ဌ ဦးထွန်းကျော်နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံသည်။

ယင်းသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေတို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ရပ်ရွာ အေးချမ်းသာယာရေး တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ (သတင်းစဉ်)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် (၅)နှစ်အောက်ကလေးများ အာဟာရနှင့် ဗီတာမင်အေ တိုက်ကျွေးခြင်းများကို စက်တင်ဘာ ၉ ရက်က သာကေတမြို့နယ်ရှိ မူကြိုကျောင်းများနှင့် ရပ်ကွက် အသင်းခွဲရုံးများတွင်ပြုလုပ်ရာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့် အလှူရှင်များက ဗီတာမင်အေ တိုက်ကျွေးစဉ်။ (၅၃)



ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဘွက်ကြီး တံတားဟောင်းပေါ်၌ ကုန်တင် ယာဉ်ကြီးများ ဖြတ်သန်းနေမှု တိုင်းတာစစ်ဆေးနေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(ဆောက်လုပ်ရေး)



● စာမျက်နှာ ၇ မှ

ဆက်လက်၍ ကိုးသောင်းပုထိုးတော်ကြီး၏ ဓာတ်ပုံမှတ်တမ်းများကို ကြည့်ရှုကြရာ ဒုတိယ ညွှန်ကြားရေးမှူး ဦးမြတ်ဆွေက ပုထိုးတော်ကြီး၏ သမိုင်းကြောင်းအကျဉ်းကို ရှင်းလင်းတင်ပြသည်။

ရှေးဟောင်းသမိုင်းဝင် မြောက်ဦးမြို့ ကိုးသောင်းပုထိုးတော်ကြီးအား ရှေးမူ မပျက် ဘက်စုံပြုပြင် မွမ်းမံလျက်ရှိရာ ပစ္စယာအဆင့်ဆင့်ရှိ စေတီရံ ၁၂၄၁ ဆူရှိသည့်အနက် တောင်ဘက်ပစ္စယာရှိ စေတီရံ ၁၇၂ဆူအတွက် အလှူရှင်များ လိုအပ်လျက်ရှိသဖြင့် စေတီရံ တစ်ဆူလျှင် ငွေကျပ်လေးသောင်းဖြင့် ပါဝင်ကုသိုလ်ယူလှူဒါန်းလိုသူ စေတနာရှင်ပြည်သူများသည် ရှေးဟောင်းသုတေသနဦးစီးဌာန (ရန်ကုန်)နှင့် ရှေးဟောင်းသုတေသန ဦးစီးဌာန ရခိုင်ပြည်နယ်ဌာနခွဲတို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မြောက်ဦးမြို့နယ် ပီပင်ရင်းကျေးရွာ အုပ်စုရှိ မိုးစပါးဧက ၁၀၀စံပြကွက် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးလှမောင်သာက ဧက ၁၀၀စံပြကွက်အတွင်း မနောသုခ မျိုးဧက ၆၀၊ ကျော်ဇေယျ မျိုး ၂၉ဧက၊ ဆင်းသွယ်လတ်မျိုး ၁၁ဧကနှင့် အထူးစံပြကွက်အဖြစ် ဒေသခံတောင်သူများအား ပြသနိုင်ရန် ရွှေရင်အေးမျိုးစပါး တစ်ဧကစိုက်ပျိုးထားရှိမှုတို့ကိုရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဒေသခံ တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ တစ်ဧကတင်း ၁၀၀ထွက်ရှိရေး ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ သိပ္ပံနည်းကျ စိုက်ပျိုး၍ အထွက်ကောင်းမျိုးများကို ရွေးချယ်စိုက်ပျိုးရန်၊ တစ်မိုးနှစ်သီးစိုက်ပျိုးရန်နှင့် သွင်းအားစုဖြစ်သော ဓာတ်မြေဩဇာနှင့် သဘာဝ မြေဩဇာများကို အချိုးကျသုံးစွဲရန် ဆွေးနွေးမှာကြားပြီး စံပြကွက်အတွင်း အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဆက်လက် ထွက်ခွာလာရာ ညနေပိုင်းတွင် မင်းပြားမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ဘွက်ကြီးတံတားဟောင်း ခံနိုင်ဝန်စမ်းသပ်မှု ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၀ရက် နံနက်ပိုင်းတွင် ရန်ကုန်-ပြည်-မန္တလေးလမ်းရှိ တံတားအမှတ်(၄ /၂၁၂) ဘွက်ကြီး တံတား တည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁) ဒုတိယအင်ဂျင်နီယာချုပ် ဦးမြင့်လွင်က ဘွက်ကြီးတံတားအသစ်တည်ဆောက်ခြင်း လုပ်ငန်းများပြီးစီးမှု၊ မူလတံတား ဟောင်းမှ (R.P.T) သံပေါင်နှင့် ဘေလီတံတားတို့တွင် ကုန်တင်ယာဉ်များ ၁၃တန်အထိသာ အကန့်အသတ်ဖြင့် ဖြတ်သန်းသွားလာရသဖြင့် တံတားခံနိုင်ဝန်အား တိုးတက်လာရန် ပြုပြင်ပြီးစီးမှုနှင့် ခံနိုင်ဝန် (Load test) စမ်းသပ်မည့်အစီအစဉ်တို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ပံ့ပိုးဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် ဘွက်ကြီး တံတားဟောင်းပေါ်၌ ကုန်တင်ယာဉ်ကြီးများဖြင့် တံတားခံနိုင်ဝန် စမ်းသပ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပထမအဆင့်အနေဖြင့် ကုန်နှင့် ယာဉ်အလေးချိန် ၂၅တန်ကို တစ်စီးချင်းဖြတ်သန်းခွင့်ပြုပေးကာ ဒုတိယအဆင့်အနေဖြင့် တန် ၃၀ခံနိုင်ရန် ထပ်မံပြုပြင်ရေးတို့ကို အသေးစိတ်မှာကြားသည်။

တည်ဆောက်နေသည့် ဘွက်ကြီး တံတားအသစ်မှာ လွန်တူးဘိုးပိုင် အုတ်မြစ်၊ သံကူကွန်ကရစ်ရက်မနှင့် ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မတို့ဖြင့် တည်ဆောက်နေသည့် တံတားဖြစ်ပြီး စုစုပေါင်း အရှည်ပေ ၁၇၇၀ ရှိမည်ဖြစ်သည်။ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ပေဖြစ်ပြီး ယာဉ်တစ်စီးချင်း တန် ၆၀ ခံနိုင်ဝန်ရှိမည့် တံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။

ထို့ပြင် မူလတံတားဟောင်းမှာလည်း ကုန်နှင့်ယာဉ်အလေးချိန် ၂၅ တန်အထိအကန့်အသတ်မရှိဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာ၍ ဘွက်ကြီးနှင့်ပြည် အပိုင်း မိုင်တိုင် ၂၈၀၊ မိုင်တိုင် (၂၀၁/၄) နှင့် ရေကျော် (၁/၂၀၁) ကြားတို့၌ ကတ္တရာလမ်းသား ပျက်စီးနေမှုများကို ကြည့်ရှုစစ်ဆေးကာ လမ်းမွမ်းမံပြင်ဆင်ရေးကိစ္စများကို တာဝန်ခံအင်ဂျင်နီယာများအား မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ပြည်မြို့မှ တစ်ဆင့် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာ၍ ပြည်-ပေါင်းတည် - ဇီးကုန်း - သာယာဝတီ-တိုက်ကြီး-မှော်ဘီလမ်းတစ်လျှောက်ရှိ လမ်းနှင့် တံတားငယ်များကို ကြည့်ရှုစစ်ဆေးကာ မိုးတွင်းကာလ လိုအပ်သော ထိန်းသိမ်းမှုများ ဆောင်ရွက်ရန် မှာကြားသည်။

(သတင်းစဉ်)

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် သုံးမျိုးစုံအားကစားပြိုင်ပွဲ လူရွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၁

ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် (Triathlon) သုံးမျိုးစုံ အားကစား လူရွေးပွဲကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်ခန်းမအနီးရှိ ဖူဂျီကော်ဖီဆိုင်ရှေ့၌ ကျင်းပသည်။

ရွေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများ သတ်မှတ်နေရာ၌ နေရာယူကြပြီး ရေကူးပြိုင်ပွဲ မီတာ ၁၅၀၀ လူရွေးပွဲကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်က သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

ဆက်လက်၍ စက်ဘီးကီလိုမီတာ ၄၀လူရွေးပွဲကို ဖူဂျီကော်ဖီဆိုင်ရှေ့မှ စတင်တာထွက်ယှဉ်ပြိုင်ကြပြီး နဝဒေး ရုပ်ရှင်ရုံရှေ့၌ ပန်းဝင်သည်။

ထို့နောက် အပြေး ၁၀ကီလိုမီတာ လူရွေးပွဲကို နဝဒေးရုပ်ရှင်ရုံရှေ့မှ စတင် တာထွက်ပြီး ကရဝိက်နန်းတော်ရှေ့သို့ ပြန်လည်ပန်းဝင်ကြသည်။

အဆိုပါ လူရွေးပွဲတွင် ချစ်ဦး (အနောက်တောင်တိုင်း စစ်ဌာနချုပ်) က ပထမ၊ ခင်မောင်သန့် (အား/ကာ သိပ္ပံ-ရန်ကုန်)က ဒုတိယ၊ သက်ပိုင်တိုး (အား/ကာသိပ္ပံ-ရန်ကုန်) က တတိယ၊ မင်းဇော် (အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်) က စတုတ္ထရရှိကြသည်။

(သတင်းစဉ်)

၂၀၀၅ ခုနှစ် (၂၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ Triathlon သုံးမျိုးစုံ အားကစားပြိုင်ပွဲအတွက် လူရွေးပွဲကို စက်တင်ဘာ ၁၁ ရက်က ကျင်းပရာ ပထမရရှိသွားသည့် ချစ်ဦးက စံချိန် ၂နာရီ ၁၅မိနစ်ဖြင့် ပန်းဝင်လာစဉ်။
(ကြေးမုံ)

သားငါးကဏ္ဍ တိုးမြှင့်ရေး စပါးခင်းမှာ ငါးတွဲဖက်မွေး

ချယ်လ်ဆီးအသင်း ထိပ်ဆုံး၌ရပ်တည်

လန်ဒန် စက်တင်ဘာ ၁၁

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၅)ကို စနေနေ့က ကျင်းပရာ ချယ်လ်ဆီးအသင်းနှင့် ဆန်ဒါလန်းတို့၏ပွဲတွင် ချယ်လ်ဆီးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသည်။ ချယ်လ်ဆီးအသင်းသည် ယခုအခါ ၁၅ မှတ်ရရှိထားပြီး အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။

ချယ်လ်ဆီးအသင်းသည် ၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီတွင် ငါးပွဲဆက်တိုက် အနိုင်ရရှိခြင်းဖြစ်သည်။ ချန်ပီယံအသင်းအတွက် အနိုင်ဂိုးများကို ဒုတိယပိုင်းတွင် သွင်းယူနိုင်ခဲ့သည်။ စတမ်းဖို့ဒ်ဘရစ်ဂျ်ကွင်းတွင် ယှဉ်ပြိုင်ကစားသော ယင်းပွဲ၌ ပထမပိုင်းမှာ နှစ်သင်းစလုံး ကစားအားမသွက်ဘဲရှိနေခဲ့သည်။ ပွဲချိန် ၅၄ မိနစ်တွင်မူ ကင်မရွန်း ကွင်းလယ်ကစားသမား ဂျာရမီက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၈၂ မိနစ်တွင် ဒရော့ဘာက ဒုတိယမြောက်ဂိုးကို သွင်းယူနိုင်ခဲ့သည်။ ဒရော့ဘာသည် ပွဲချိန် ၅၄ မိနစ်တွင် ခရက်စပို၏နေရာ၌ အစားထိုးဝင်ရောက်ကစားသူဖြစ်သည်။

မန်ချက်စတာယူနိုက်တက်-မန်စီးတီး

မန်ချက်စတာယူနိုက်တက်အသင်းနှင့် မန်စီးတီးတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ကြသည်။ မန်ချက်စတာယူနိုက်တက်အသင်းမှ ဒတ်ချ်တိုက်စစ်မှူး ရုဒ်ဗန်နစ္စတယ်ရွိုင်းသည် ပွဲချိန် ၄၅ မိနစ်တွင် ဂိုးသွင်းနိုင်ခဲ့သည်။ နစ္စတယ်လ်ရွိုင်းသည် အစောပိုင်းတွင် ဂိုးသွင်းခွင့်ရရှိခဲ့သော်လည်း မန်စီးတီးဂိုးသမား ဒေးဗစ်ဂျိမ်း ကာကွယ်နိုင်ခဲ့သည်။

မန်စီးတီးအသင်းမှ ကွင်းလယ်ကစားသမား ရှိုင်းဘာတန်သည် ပွဲပြီးရန် ၁၄ မိနစ်အလိုတွင် ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

တော့တင်ဟမ်-လီဗာပူး

တော့တင်ဟမ်ဟော့စပါးနှင့် လီဗာပူးတို့၏ ပွဲတွင်မူ ဂိုးမရှိသရေကျခဲ့ကြသည်။ ဝိုက်ဟတ်လိန်းတွင်ကျင်းပသော အဆိုပါပွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ယင်းအသင်းနှစ်သင်းမှ အင်္ဂလန်တိုက်စစ်မှူး နှစ်ဦးဖြစ်ကြသော ရာဆီယတ်နှင့် ခရပ်ချ်တို့ အသီးသီး ဂိုးသွင်းခဲ့သော်လည်း လူကျွံဘောအဖြစ် သတ်မှတ်ခံခဲ့ရသည်။

အခြားပွဲရလဒ်များ

ဘာမင်ဂမ်	၀	ချာလ်တန်	၁
အယ်ဗာတန်	၀	ပို့စ်မောက်	၁
မစ်ဒယ်ဘရော့	၂	အာဆင်နယ်	၁
နယူးကာဆယ်	၁	ဖူလ်ဟမ်	၁
ဝက်စ်ဘရွန်း	၁	ဝီဂန်	၂

အမ်အင်အေ၊ရိုက်တာ။

ချယ်လ်ဆီးအသင်းမှ အက်စီယန်နှင့် ဆန်ဒါလန်းအသင်းမှ မီလာတို့ ဘောလုံးယှဉ်လုနေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ လှည့်လည်စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်မြို့တော်ကြီးကို သန့်ရှင်းသာယာလှပပြီး ရေစီးရေလာကောင်း၍ ကျန်းမာရေးနှင့်ညီညွတ်သော မြို့တော်ဖြစ်စေရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးနှင့်သန့်ရှင်းရေးလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်း တစ်လျှောက် စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းလျက်ရှိသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြသ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ရွှေဂုံတိုင်လမ်းတစ်လျှောက် အမှိုက်များ ရှင်းလင်းခြင်း၊ မြက်နှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းတစ်လျှောက် စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ဆက်လက် ခင်းကျင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ လှိုင်မြို့နယ် ဘုရင့်နောင်လမ်း တစ်လျှောက် စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းလျက်ရှိသည့်အခြေအနေကိုလည်းကောင်း၊ အမှိုက်များ၊ မြက်နှင့်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းလျက်ရှိသည့် အခြေအနေကို လည်းကောင်း၊ အင်းစိန်မြို့နယ် အင်းစိန်လမ်းတစ်လျှောက်နှင့် ရွာမအရှေ့ရပ်ကွက်၊သီရိမင်္ဂလာလမ်းတစ်လျှောက် ကတ္တရာလမ်းသား ပြုပြင်ခင်းကျင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း လမ်းဆုံအနီး လမ်းသစ်လမ်းတစ်လျှောက် လမ်းဘေး ရေနုတ်မြောင်းတူးဖော်ရှင်းလင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်-၅၀၀ ၌ ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့် လက်အောက်ခံ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊အရာခံ၊အကြပ်၊စစ်သည်များ စုပေါင်း၍ ဆေးရုံအတွင်း၊ အပြင် အမှိုက်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က မြို့တွင်းရှိ ဓာတ်ကြိုးများ၊ ဓာတ်တိုင်များနှင့် မလွတ်ကင်းသည့် သစ်ကိုင်း၊ သစ်ခက်များကို ခုတ်ထွင်ရှင်းလင်းကြရန်နှင့် ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းရုံသာမက ရေနုတ်မြောင်းနှင့် ဆက်စပ်နေသည့် ရေဆင်းပေါက်များ ပိတ်ဆို့ခြင်းမရှိအောင် ရှင်းလင်းဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် အိမ်ရာစခန်းများဖြစ်သည့် နဝရတ်ရိပ်သာနှင့် မြဝတီရိပ်သာတို့တွင်လည်း ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များစုပေါင်း၍ မြက်နှင့် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်ကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရေးအတွက် အင်းစိန်မြို့နယ် အင်းစိန်လမ်းတစ်လျှောက် စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အခြေခံပညာကျောင်းများနှင့် ရုံးများ၏ အရည်အသွေးမြှင့်တင်ရေးသင်တန်းဖွင့် ပညာရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၁၁

အခြေခံပညာကျောင်းများနှင့်ရုံးများ၏ အရည်အသွေးမြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၀၅)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီတွင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများမှညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဖိတ်ကြားထားသူများ၊ သင်တန်း တာဝန်ခံများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

မြှင့်တင်

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက အခြေခံပညာကျောင်းများနှင့် ရုံးများ၏ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး၊ သင်ကြားရေး၊ စစ်ဆေးရေးလုပ်ငန်းများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေး စစ်ဆေးတိုင်းတာရေး လုပ်ငန်းများ ထိရောက်ပီပြင်စွာ မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးအတွက် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အသိပညာ၊ကျွမ်းကျင်မှု၊ ခံယူချက်နှင့် တန်ဖိုးထားမှုများကို လက်တွေ့ကွင်းဆင်း စစ်ဆေး၍ ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်း၌ အခြေခံပညာကျောင်းများနှင့် ရုံးများ၌ ထားရှိရမည့် စာရင်းဇယားများ၊ ဌာနဆိုင်ရာ ငွေစာရင်းများ၊ သင်ရိုးဖွဲ့စည်းမှု၊ အခန်းဆုံးနှင့် နှစ်ဝက်ဆုံး တတ်မြောက်မှုစစ်ဆေးခြင်း၊ သင်ကြားသင်ယူမှု အရည်အသွေးမြှင့်တင်ရေး၊ စစ်ဆေးရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို ပို့ချမည်ဖြစ်သည်။

ဖွင့်လှစ်

သင်တန်းသို့ ပြည်နယ်နှင့် တိုင်းပညာရေးမှူးရုံးများမှ ပညာရေးမှူးများ၊ လက်ထောက် ပညာရေးမှူးများနှင့် လက်ထောက် ကြီးကြပ်ရေးမှူးများ၊ အခြေခံပညာဦးစီးဌာနများမှ ဦးစီးအရာရှိများ၊ ဒုတိယဦးစီးမှူးများ၊ ပညာရေးကောလိပ်များမှ ဌာနမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ လက်ထောက်မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်း ကျောင်းအုပ်ကြီးများ အပါအဝင် စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၂၃၁ဦး တက်ရောက်ကြပြီး သင်တန်းကို စက်တင်ဘာ ၁၅ရက်အထိ ဖွင့်လှစ်ပို့ချသွားမည် ဖြစ်သည်။

(သတင်းစဉ်)

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်လုပ်ငန်းများ ဒုတိယညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်သည် ဩဂုတ် ၂၈ရက်မှ စက်တင်ဘာ ၁ရက်အထိ ပဲခူးတိုင်း (အနောက်ပိုင်း)ရှိ မိုးညိုမြို့နယ်၊ ပေါက်ခေါင်းမြို့နယ်နှင့် သဲကုန်းမြို့ စည်ပင်သာယာရေးလုပ်ငန်းများ၊ မြို့တွင်းလမ်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောက်လုပ်ခဲ့သော သစ်သားတံတားကိုကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် အုတ်ဖိုမြို့သို့ ရောက်ရှိပြီး အဖွဲ့ပိုင် ပျိုးဥယျာဉ်၊ မြို့တွင်းလမ်းနှင့် စည်ပင်သာယာဈေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး အဖွဲ့ပိုင် ပျိုးဥယျာဉ်ရေစက်ရုံ၊ ပန်းခြံနှင့် မြို့မဈေးတို့ကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၉-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလန်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** -Simple Linear Regression (ပထမနှစ်-စီးပွားရေးပညာ)
၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပျံ့သာပျံ့ပါ ထက်အာကာ (အပိုင်း-၆)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ မေးမြန်းစူးစမ်း
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရေဆန်ဓား" (အပိုင်း-၆)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာမည်

ရန်ကုန် စက်တင်ဘာ ၁၁

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်း တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာခဲ့ကာ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်း တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန် တိုင်းထွာချက် များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ် နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

စက်တင်ဘာလ ၁၂ ရက်နေ့ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ် တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ် တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီ လျှင် ၃၅မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာမည်။

အရှင်အာစာရာလင်္ကာရ ဝါတွင်းတရားပွဲများ

ရန်ကုန် စက်တင်ဘာ ၁၁

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက် သစ် ကျောင်းတိုက်ကြီးမှ နိုင်ငံတော် ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ စာချ ဓမ္မ ကထိက ဆရာတော် အရှင် အာစာရာ လင်္ကာရသည် စက်တင်ဘာ ၂၁ရက် တွင် ရွှေဘိုဆုတောင်းပြည့်ဘုရား၊ ရွှေတန်ဆာဘုရား၊ ၂၇ ရက်ညတွင် ရွှေဘိုရွှေချက်သိုဘုရား၊ ၂၈ရက်နံနက် တွင် စေတီတော်ရိပ်သာ သိက္ခာထပ်ပွဲ၊ ရွှေဘိုရွှေတန်ဆာဘုရား၊ ဆုတောင်း ပြည့်ဘုရား၊ အောက်တိုဘာ ၁ရက်တွင် စစ်ကိုင်းထူပါရုံဘုရား၊ ၂ရက်နှင့် ၃ရက် တွင် မကွေးမြို့ နာရေးကူညီမှုအသင်း နှစ်ပတ်လည်ပွဲ၊ ၆ရက်တွင် ရွှေဘို ဆုတောင်းပြည့်၊ ၁၃ရက်တွင် ခင်ဦးမြို့၊ ရွှေဘိုရွှေတန်ဆာ၊ ၁၉ရက်တွင် မြင်းခြံ မြို့ သုံးဆူဘုရား ဗုဒ္ဓပူဇနိယပွဲ၊ ၂၁ရက် တွင် ရွှေဘို ရွှေတန်ဆာဘုရား၊ ၂၂ရက် တွင် ရွှေဘိုစေတီတော်ရိပ်သာ၊ ၂၃ရက် တွင် သိက္ခာထပ်စေတီတော်ရိပ်သာနှင့် မြို့ထောင့်စေတီ၊ ၂၄ရက်တွင် မုံရွာ ဘုတလင်ဇီးတောရွာ၊ ၂၆ရက်တွင် ရန်ကုန် သာကေတ ၂/တောင်၊ ရန်ပြေ မာရ်အောင်မြင်ဓမ္မာရုံ၊ ၂၈ရက်တွင် ရွှေဘို ဆုတောင်းပြည့်ဘုရား၊ရွှေတန်ဆာဘုရား တို့တွင် တရားတော်များ ဟောကြား တော်မူမည်ဖြစ်သည်။ (က-ပ)

အဘိဓမ္မာစာတော်ပြန်ပွဲ ရေးဖြေကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၁

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ အာဂမ စာတော်ပြန်ပွဲ ကျင်းပလျက် ရှိရာ စက်တင်ဘာ ၂၆ရက်တွင် အာဂုံ အောင်စာရင်းကို ဗဟန်းမြို့နယ်ရှိ ရတနာဃရ ဗိမာန်တော်ကြီးတွင် ထုတ်ပြန်ထားမည်ဖြစ်သည်။ အာဂုံ အောင်မြင်သော သံဃာ၊ သီလရှင်၊ လူပုဂ္ဂိုလ်များသည် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၇ရက်အထိ ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်သည်။ (က-ပ)

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်တွင် ဓာတ်တော်တိုက် တည်ဆောက်ရန်အတွက် တောင်ဥက္ကလာပမြို့နယ် သံသုမာ လမ်း (၇)ရပ်ကွက်နေ ဦးကျော်ရင်(ဂေါပက)-ဒေါ်သင်းသင်းမော် မိသားစု က အလှူတော်ငွေကျပ် ငါးသိန်းကို စက်တင်ဘာ ၈ရက်က မဟာမုနိဓမ္မာရုံ ကြီး၌ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (၆၄)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၁)၊ အမှတ်(၄၅)ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၁

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၁)၊ အမှတ် (၄၅)တွင် ကိုကို (စက်မှု တက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲမှု ပိုမိုကျယ်ပြန့် ကာ ခေါင်းထောင်ထလာ အမျိုးသားရေးအမြင်ဖြင့် ကာကွယ်တားဆီးရန် လိုအပ်၊ ဒီဂျစ်တယ် အိမ်သုံးလျှပ်စစ်မီတာ ပြည်တွင်း၌ အောင်မြင်စွာထုတ်လုပ် နိုင်ပြီ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရန်အတွက် အင်းလေးကန် အတွင်း လူနေအိမ်များနှင့် ကျွန်းမျောများ တည်ဆောက်ခြင်းကို ကန့်သတ်ထား၊ Reader's Debate ကဏ္ဍမှ သက်သတ်လွတ်စားတာ ကျန်းမာရေးအတွက် ကောင်းတယ်/မကောင်းဘူး၊ MRTV-4 တွင် အပတ်စဉ်ထုတ်လွှင့်နေသော 5Movies မှ နိုင်ငံခြားဇာတ်လမ်းတွဲ အစီအစဉ်များ စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဟိမဝန္တာကုန်းမြင့်မှ ရေခဲပြင်များ စတင် အရည်ပျော်လာ၊ ရေခဲများအရည်ပျော်လာခြင်းကြောင့် အာရှတွင် ရေသန့်ပြဿနာ ကြီးထွားလာရန်ရှိနေ၊ ခန္ဓာပစ္စည်းခြောက်မျိုး အစားထိုးပြီးသော ဂျပန်ကလေးငယ် ကျန်းမာရေးကောင်းမွန်၊ လူနာနဖူးကိုထုသော ဂျပန်ဆရာဝန် ခုံရုံးဖွဲ့စစ်ဆေးခံရ၊ ဖုန်းပြောခမပေးချေလျှင် ဆေးရုံရောက်သွားစေရမည်ဟု ဗြိတိန်သား ခြိမ်းခြောက် ခံရစသည့် နိုင်ငံတကာမျက်မှောက် သတင်းဦးသတင်းထူးများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေး ကဏ္ဍ စုံလင်စွာကို e-Empire Media House ဖုန်း ၅၄၈၈၈၀ ကမြန်မာတစ်ပြည် လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ပုဇွန်တောင်မြို့နယ် ၅၁ လမ်းမှ ဦးလှမြင့် (ခ) ဦးလင်းအောင်-ဒေါ်ရှုလွမ်း သား/သမီး မြေးတစ်စုက အလှူငွေ ကျပ်နှစ်သိန်းကို ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေးထံ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် စက်တင်ဘာ ၁၁

၂၀၀၅ခုနှစ် စက်တင်ဘာ ၁၀ရက် မြန်မာစံတော်ချိန် ၂၃နာရီ ၃၀မိနစ် ၃၃စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်ဘက်မိုင် ၈၆၀ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၉ အဆင့် ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှသတင်းရရှိသည်။
(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ USV. Limited မှ တင်သွင်းဖြန့်ချိသော ဆီးချိုရောဂါဆိုင်ရာနှင့် နောက်ဆက်တွဲရောဂါဆိုင်ရာ ဆေးဝါးများ အကြောင်း မိတ်ဆက်ရှင်းလင်းပွဲတွင် ဆေးတက္ကသိုလ်(၁)ရန်ကုန် ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာစောနိုင်က ဆီးချိုရောဂါနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

ဆီးချိုရောဂါဆိုင်ရာ ဆေးဝါးများမိတ်ဆက်

ရန်ကုန် စက်တင်ဘာ ၁၁

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ USV. Limited မှ တင်သွင်း ဖြန့်ချိသော ဆီးချိုရောဂါဆိုင်ရာနှင့် နောက်ဆက်တွဲရောဂါဆိုင်ရာ ဆေးဝါးဖြစ်သည့် Pioz (Pioglitazone 15/30 mg) နှင့် Lipicard (Micronised Fenofibrate-200 mg) ဆေးဝါးများအကြောင်း မိတ်ဆက်ရှင်းလင်းပွဲကို ယနေ့ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ ရန်ကုန်မြို့ရှိ ဆေးရုံကြီးများမှ ပါမောက္ခများနှင့် တွဲဖက်ပါမောက္ခ များ၊ အထူးကုဆရာဝန်ကြီးများ၊ ဆေးပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆေးတက္ကသိုလ်(၁)ရန်ကုန် ဆေးပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာစောနိုင်က ဆီးချိုရောဂါနှင့် ပတ်သက်၍ Aggressive Management of Diabetes Dyslipidaemia အကြောင်း ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Dr. Shashank Josi က Management of Diabetes Dyslipidaemia Looking Beyond Statins စာတမ်းကို ရှင်းလင်း ဖတ်ကြားပြီး Dr. Bandula Wijesiriwardenaက Thiazoli-dinediones-Benefits Beyond glycemic control စာတမ်းကို ဖတ်ကြားရှင်းလင်းကာ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ဖြေကြားကြသည်။
(သတင်းစဉ်)

အရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ ရုံသုံးရုံတွင် ဆက်လက်ပြသနေ

ရန်ကုန် စက်တင်ဘာ ၁၁

ပြီးခဲ့သည့် သောကြာပတ်က ရုံတင် ခဲ့သည့် မြန်မာဇာတ်ကားသစ် **"အရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ"** မြန်မာကားသစ်တစ်ကား ရုံသုံးရုံတွင် ဆက်လက် ပြသနေသည်။

မဟာထွန်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးအောင်ကြိုင် (ရှေးဟောင်းသုတေသန ဦးစီးဌာန)၏ ဝတ္ထုကို ခင်လေးသိမ့် ဇာတ်ညွှန်းရေး၍ ဒါရိုက်တာ ကြည်ဖြူ သျှင်က တာဝန်ယူ ရိုက်ကူးခဲ့သည့် အရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ ဇာတ်ကားမှာ ပုဂံခေတ် အရည်းကြီး တို့၏ လွဲမှားသော အယူဝါဒများ လွှမ်းမိုးချိန်ကာလကို နောက်ခံပြု ရိုက်ကူးထားခြင်းဖြစ်သည်။ ထိုအယူ ဝါဒများကြောင့် ပြည်သူအများ ဒုက္ခ များ ကြုံတွေ့ခံစားရပုံနှင့် စစ်မှန် သော ထေရဝါဒ ဗုဒ္ဓသာသနာကို ရှင် အရဟံ မထေရ်၏ ကျေးဇူးကြောင့် ကိုးကွယ်ယုံကြည်လာကြရာမှ ဒုက္ခ အပေါင်းချုပ်ငြိမ်းကာ ချမ်းသာသုခ ရကြပုံများကို ရုပ်ရှင်အနုပညာပြောင် မြောက်စွာဖြင့် ရိုက်ကူးထားသည့် မြန်မာဇာတ်ကားကောင်း တစ်ကား ဖြစ်သည်။ အဆိုပါဇာတ်ကားတွင် အကယ်ဒမီ လူမင်း၊ အကယ်ဒမီ ကျော်သူ၊ အကယ်ဒမီရဲအောင်၊ အကယ် ဒမီနေအောင်၊ ဖြိုးငွေစိုး၊ အကယ်ဒမီနန္ဒာ လှိုင်၊ အကယ်ဒမီမေသန်းနု၊ အကယ် ဒမီ ခင်သီတာထွန်းတို့ ခေါင်းဆောင် ပါဝင်ထားကြသည်။ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် တစ်ပြိုင်တည်းပြသ နေသည်။

ရှေ့ဆောင်ရုံတွင် ဝတ္ထုဇာတ်ညွှန်း နှင့် ဒါရိုက်တာ ခင်မောင်ဦးနှင့် စိုးသိမ်း ထွဋ်တို့ရေးသားရိုက်ကူးသည့် **"ချစ်ခြင်းဖွဲ့မေတ္တာ"** ဇာတ်ကား ဆက်လက် ပြသနေသည်။ ၎င်းဇာတ်ကားတွင် ဒွေး၊ တင့်တင့်ထွန်း၊ မြတ်ကေသီအောင်၊ အိန္ဒြာကျော်ဇင်၊ ဆုပန်ထွာနှင့် ခိုင်နှင်း ဝေတို့ ပါဝင်သရုပ်ဆောင်ထားကြ သည်။ ပရိသတ်အားပေးမှု ခံယူရဆဲ ဖြစ်သည့် **"ဘီလူး"** ဇာတ်ကားမှာ ဝဇီရာ ရုံ၌ ဆက်လက်ပြသနေသည်။ ရွှေဂုံရုံ မြေညီထပ်တွင် အကယ်ဒမီ မောင်တင် ဦး ကြီးကြပ်၍ ဒါရိုက်တာ ဟိန်းစိုး ရိုက်ကူးသည့် **"ပန်းဒဏ္ဍာရီ"** ဇာတ်ကား ပြန်လည် ပြသနေသည်။ ၎င်း ဇာတ်ကားတွင် ရန်အောင်၊ မင်းမော် ကွန်း၊ မေသန်းနုနှင့် စိုးမြတ်နန္ဒာတို့ ပါဝင်ထားကြသည်။

"ချစ်ခြင်းဖွဲ့မေတ္တာ" ဇာတ်ကားမှ သရုပ်ဆောင်များ။

"ဘီလူး"ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

နိုင်ငံခြားရုပ်ရှင်

ရွှေဂုံရုံအပေါ်ထပ်တွင် ဒါရိုက်တာ Sunny Deol ရိုက်ကူးသည့် Dillagi, ဇာတ်ကား၊ မြို့မရုံတွင် Qayamat အင်္ဂလိပ်စာတန်းထိုး အိန္ဒိယဇာတ်ကား၊ ဆုထူးပန်ရုံတွင် နာမည်ကြီး သရုပ်ဆောင် ရာရွတ်ခန်းပါဝင်သည့် Yes Boss အိန္ဒိယဇာတ်ကားနှင့် ဘုရင်ရုံ တွင် Dil Hai Hindustani အိန္ဒိယ ဇာတ်ကားတို့ ပြသနေသည်။
(ကြေးမုံ)

တောင်ကြီးမြို့(အေးသာယာ)စက်မှုဇုန်ထုတ် ဓာတ်မြေဩဇာများ ကြည့်ရှုစစ်ဆေး

စက်တင်ဘာ ၁၀ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ တောင်ကြီးမြို့ (အေးသာယာ) စက်မှုဇုန်မှ ထုတ်လုပ်သည့် ဓာတ်မြေဩဇာများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများ အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၁

ရခိုင်ပြည်နယ် စစ်တွေခရိုင် ကျောက်တော်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့်၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၈ရက် နံနက်ပိုင်းတွင် ကျောက်တော်တပ်နယ်ရှိ ရော်ဘာ ပျိုးဥယျာဉ်သို့ရောက်ရှိပြီး BPM-24 မျိုး ရော်ဘာပျိုးပင် ၄၄၈၀၀ပျိုးခင်းကို ကြည့်ရှုစစ်ဆေးရာ ကျောက်တော်တပ်နယ်မှ ဗိုလ်မှူးကြီးရာပြည့်က ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ရော်ဘာပျိုးပင်များကို ယခုထက်ပိုမို တိုးချဲ့ပျိုးထောင်ပြီး တပ်နယ်အတွင်းရှိ တောင်ကုန်းများ၌ စိုက်ပျိုးရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ကျောက်တော်တပ်နယ်ခန်းမ၌ တပ်မတော်သားများနှင့် မိသားစုဝင်များအားတွေ့ဆုံ၍ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် သက်သာချောင်ချိရေးဆိုင်ရာ လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်တို့က ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရေးတို့ကို မှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောက်တော်မြို့နယ်မြေခံတပ်ရင်းရှိ ရော်ဘာပျိုးဥယျာဉ်သို့ သွားရောက်၍ BPM-24 မျိုး ရော်ဘာပျိုးပင် ၃၇၀၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ဆက်လက်၍ ကျောက်တော်မြို့နယ် သရက်တပင်ကျေးရွာရှိ မိုးစပါးစံပြကွက် ဧက ၁၀၀ စိုက်ခင်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ကျောက်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးထူးကျော်က စံပြကွက်အတွင်း ရွှေရင်အေးစပါး တစ်ဧက၊ မနောသုခစပါး ၄၉ ဧကနှင့် ရွှေပြည်တန်စပါးဧက ၅၀ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးကြည်ဟန်က တောင်သူများအား သီးနှံအထွက်တိုးရန် နည်းလမ်းလေးသွယ်ဖြင့် စိုက်ပျိုးကြရေး ပညာပေးဆွေးနွေး ပြောကြားသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆



မှတ်သားဖွယ်ရာ မိုးရေချိန်များ ၁၁-၉-၂၀၀၅

ထားဝယ်	၃ ဒသမ ၈၂ လက်မ	မြိတ်	၂ ဒသမ ၆၀ လက်မ
ဘီးလင်း	၃ ဒသမ ၁၅ လက်မ	ညောင်ဦး	၂ ဒသမ ၄၈ လက်မ
ဖျာပုံ	၃ ဒသမ ၀၇ လက်မ	ပခုက္ကူ	၁ ဒသမ ၄၆ လက်မ
ဟားခါး	၂ ဒသမ ၇၆ လက်မ	ရွှေဘို	၁ ဒသမ ၃၀ လက်မ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရန်ကုန်-စစ်တွေကားလမ်းပေါ်ရှိ သရက်တပင်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)